မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၅၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး ဆုံးဖြတ်ချက်၊ အတည်ပြုချက်နှင့် မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ လက်မှတ်ရေးထိုး

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ကြည်ညို၍ မဟာဝိဇယစေတီတော်ကြီးနှင့်တကွ ရန်ကုန်တိုင်းအတွင်း သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားပြီး ညနေပိုင်းတွင် အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အအေးပေါ့

၂၇–၂–၂၀၀၇

နေပြည်တော်	–	၁၈ ဒီဂရီစင်တီဂရိတ်
လားရှိုး	–	၆ ဒီဂရီစင်တီဂရိတ်
ကသာ	–	၁၁ ဒီဂရီစင်တီဂရိတ်
လွိုင်ကော်	–	၁၄ ဒီဂရီစင်တီဂရိတ်
မကွေး	–	၁၅ ဒီဂရီစင်တီဂရိတ်
ညောင်ဦး–ဟသ်ာတ	–	၁၆ ဒီဂရီစင်တီဂရိတ်
ပြည်	–	၁၇ ဒီဂရီစင်တီဂရိတ်
ရန်ကုန် (မင်္ဂလာဒုံ)	–	၁၉ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

အဖျက်သမားများ၏ အကြံအစည်နှင့်လုပ်ရပ် တာဝန်သိသိ ဝိုင်းဝန်းဖော်ထုတ်ဆောင်ရွက်

တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာရေးအတွက် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ မကြာမီ အောင်မြင်ပြီးမြောက်တော့မည်ဖြစ်သည်။

ပြည်တွင်းပြည်ပ အဖျက်သမားများသည် အမျိုးသားညီလာခံ ပျက်ပြားရေးနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များ ရပ်ဆိုင်းရေးအတွက် ပူးပေါင်းလှုပ်ရှားလျက်ရှိသည့်အပြင် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများကိုလည်း ထပ်မံပြုလုပ်လျက် ရှိသည်။

တစ်ဖက်နိုင်ငံ မဲလမတ်မြို့နယ် အပန်းဖြေစခန်းတစ်ခု၌ ပြည်ပြေးများ၊ ဆန့်ကျင်ဘက်အဖွဲ့များနှင့် လက်ကျန် တောတွင်းလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များ ပူးပေါင်းဖွဲ့စည်းထားသည့် မဟာဗျူဟာ ညှိနှိုင်းရေးကော်မတီ (SCC)က ဖေဖော်ဝါရီလ ၂၁ရက်နေ့မှ ၂၃ရက်နေ့အထိ အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ရာ NCGUB၊ NCUB၊ တိုင်းရင်းသားလူမျိုးများကောင်စီ၊ မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု၊ မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကျောင်းသားလူငယ်များကွန်ဂရက်နှင့် လက်ကျန် တောတွင်းလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် နိုင်ငံတော်က လက်ရှိဆောင်ရွက်လျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်များကို ထိခိုက်ပျက်ပြားစေရန်အတွက် ထပ်မံကြိုးစားသွားရန်နှင့် အခြား အဖျက်လုပ်ငန်းစဉ်များ ချမှတ်ခဲ့သည်။

ယခုပြုလုပ်ခဲ့သည့် (SCC) အစည်းအဝေးသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေရန်နှင့် ပြည်ထောင်စုကြီး ပြိုကွဲစေရန်တို့ကို ရည်ရွယ်ချက်ရှိရှိ ကြံစည်လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်သည်။

ပြည်တွင်း၌လည်း နိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ပြီး ဆူပူအုံကြွမှုများ ဖြစ်ပွားအောင် နည်းလမ်းမျိုးစုံဖြင့် ဖန်တီးလုပ်ဆောင်နေကြသည်။

ထို့ကြောင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မလိုလား မရှုဆိတ်ကြသည့် ပြည်တွင်း ပြည်ပအဖျက်သမားများ၏ မသမာသော အကြံအစည်နှင့် လုပ်ရပ်များကို ပြည်သူများအပိုင်းက နိုင်ငံရေးသတိ၊ လုံခြုံရေးသတိ ပိုမိုထားရှိပြီး အချိန်နှင့်တစ်ပြေးညီ ဝိုင်းဝန်းဖော်ထုတ်သတင်းပို့ဆောင်ရွက်ကြရန် တိုက်တွန်း ရေးသားလိုက်ရပေသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	လိုအင်ဆန္ဒတရားတော် (ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရဆရာတော်)
၈း၀၅	MRTV-4 စာအုပ်စင်ကဏ္ဍ ကောင်းဟိန်း (အယ်ဒီတာချုပ်) (Ecovision Journal)
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	အဝလွန်ရောဂါဆိုင်ရာ အချက်အလက်များနှင့် သကြားအစားထိုး 'Sucralose' (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာဝင်းထွန်း)
၈း၄၅	တက်သစ်လွင်ပြင် သီချင်းဆိုပြိုင်ပွဲ (IMP)(မျက်နှာ) သီချင်း
၉း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	သီးနှံစိုက်ပျိုးအထွက်တိုး 'ပိုးသတ်ဆေးများကို အကျိုးရှိရှိ ထိရောက်အောင် သုံးစွဲနည်း'
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	Midweek Sports News
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	လက်ယှက်သစ်ချောင်းနှင့် ပုံဖော်သစ်ထုတ်လုပ်မှုလုပ်ငန်း
၁၀း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀	နိုင်ငံတကာအနုပညာရေးရာ
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	သတ္တုတူးသောရွာကလေး
၁၁း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀	Language Lab [ကမာရွတ် အမက(၂)]
၁၁း၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၅	ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	လိုက်နာကြပါ
၁၂း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀	ဘိုင်းဒါးတံတား
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၈-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၃၅	၁၄။	လှုပ်လှုပ်ရှားရှား ပုံရိပ်များ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်တိုင်းကြားက ချစ်လိပ်ပြာ**(အပိုင်း-၁၃)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	English Usage
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၁၀)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ ကြည့်မြင်တိုင် မြို့နယ် ဥယျာဉ်လမ်း အမှတ်(၉၁)နေ ဦးတင်ထွေး-ဒေါ်အုန်းကြည်၊ သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာ တော် ကြီး ၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် နှစ်သိန်းကို ပိဋကနှစ်ပုံ ခွဲဆောင် ဆရာတော် ဘဒ္ဒန္တ ပညာသိရီလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်

အသိပညာပေးဟောပြောပွဲ တပ်ကုန်း၌ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ဒသမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ရက် နံနက် ၈နာရီက တပ်ကုန်းမြို့နယ် သိုက်ချောင်း ကျေးရွာမူလတန်းကျောင်း၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်နီလာသော်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်နှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။

တက်ရောက်

အဆိုပါဟောပြောပွဲသို့ ပျဉ်းမနားခရိုင်နှင့် တပ်ကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပညာရေးမိသားစုများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်စံအောင် စံပြကျေးရွာနှင့် သိုက်ချောင်းကျေးရွာတို့မှ ကျေးရွာပြည်သူလူထုများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာန ကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေးဆွေးနွေးပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က သန့်(၄)သန့်ဆိုင်ရာ အကြောင်းအရာများကိုပညာပေးဟောပြောပြီး ရေကောင်းရေသန့်ရရှိစေရန် အိမ်တွင် ဆောင်ရွက်နိုင်သည့် နည်းလမ်းများ၊ အိမ်သာကို သန့်ရှင်းစွာ သုံးစွဲနည်းနှင့်လက်ကို စနစ်တကျ ဆေးကြောခြင်း ဆိုင်ရာ သရုပ်ပြခြင်းတို့ကို ပြုလုပ်ပြသသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အမျိုးသမီးရေးရာ ဝတ်စုံများနှင့် ယင်လုံအိမ်သာ ခွက်၃၀ တို့ကို ပေးအပ်လှူဒါန်းရာ ဝတ်စုံများကို သိုက်ချောင်းကျေးရွာ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ပြည်စံအောင် စံပြကျေးရွာ အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား လည်းကောင်း၊ သိုက်ချောင်းကျေးရွာ ပြည်သူလူထုအတွက် ယင်လုံအိမ်သာခွက် ၃၀ ကို လည်းကောင်း၊ ပြည်စံအောင် စံပြကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်၊စာစောင်များကို လည်းကောင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာန ကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးနှင့် တာဝန်ရှိသူများကပေးအပ်ကြပြီး ကျေးရွာအမျိုးသမီးရေးရာအဖွဲ့များက လက်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပညာပေးဆွေးနွေး

အခမ်းအနားအပြီးတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ပြည်စံအောင် စံပြကျေးရွာသို့ ကွင်းဆင်း၍ ရေကောင်းရေသန့် သုံးစွဲရေး၊ သန့်ရှင်းသော ယင်လုံအိမ်သာ စနစ်တကျ သုံးစွဲရေးတို့ကို ကျေးရွာရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်သူလူထုအား အသိပညာပေး ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်းနေ မိဘ ဦးပါကြီး၊ ဒေါ်ကျင်အေး၊ အစ်ကိုကြီး ဦးအေးထွန်းတို့အား ရည်စူး၍ ဦးသိန်းထွန်းနှင့်မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်သိန်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးသန့်ရှင်းတည်တံ့ပြန့်ပွားအောင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိနှင့် ပညာအားဟူသော အားကြီးငါးပါး လက်ကိုင်ထားလျက် ရှက်ဆောင်ကြိုးကုတ် အားထုတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မြွက်ကြားတော်မူသည့် နိဂုံးချုပ်ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိ ဥက္ကဋ္ဌဆရာတော်၏ နိဂုံးချုပ်ဩဝါဒကထာ–

ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ကြွရောက်တော်မူကြကုန်သော သာသနာ့ဦးသျှောင် သက်တော်ရှည် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများအမှူးရှိသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ သတ္တမအစည်းအဝေးကို သာသနာတော်နှစ် ၂၅၅၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်၊ ၁၂ ရက်[(ခရစ်နှစ် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်၊ ၂၇ ရက်)တို့၌ ကျင်းပခဲ့ကြရာ ဤယနေ့ ဤအချိန်အခါမှာ ဇယမင်္ဂလာပြည့်စုံစွာဖြင့် ဝမ်းသာရွှင်ပြုံး အပြီးအဆုံးသို့ ရောက်ခဲ့ပါပြီဘုရား။

ဤအစည်းအဝေးကြီးသည် ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ နောက်ဆုံးအစည်းအဝေးကြီး ဖြစ်ပါသည်။ နက်ဖြန် တပေါင်းလဆန်း ၁၃ ရက် (ဖေဖော်ဝါရီ ၂၈ ရက်)နေ့၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၂၅ ရာခိုင်နှုန်း အနားယူခြင်း၊ အစားထိုးခြင်းတို့ဖြင့် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သစ်ကို ဖွဲ့စည်း ဆောင်ရွက်ကြရတော့မည်ဖြစ်ပါသည်ဘုရား။

ဤအစည်းအဝေးကြီး၌ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၏ သေတစ်ပန်သက်ဆုံး မှတ်သားလိုက်နာ ထိုက်သည့် ဩဝါဒကထာများကို နာယူမှတ်သားရခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပေးအပ်သောတာဝန်ကို တစ်နှစ်တာကာလပတ်လုံး လုံ့လကြိုးကုတ်အားထုတ်ဆောင်ရွက်ထားအပ်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့က ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ သုံးဖြာသောကဏ္ဍအလိုက် ဆွေးနွေးထောက်ခံ အကြံပြုတော်မူကြကာ ဝမ်းသာရွှင်ကြည် အတည်ပြုပေးတော်မူကြခြင်းကြောင့်လည်းကောင်း၊ သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးအတွက် လိုအပ်ချက်များကို ကောင်းစွာဆွေးနွေး၍ အဆုံးအဖြတ်ပေးခြင်း၊ အတည်ပြုပေးခြင်းတို့ကြောင့်လည်းကောင်း နှစ်ထောင်းအားရ ပီတိသောမနဿဖြစ်ရပါကြောင်းကို ပွင့်လင်းစွာ လျှောက်ထားပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရား။ အင်္ဂုတ္တရနိကာယ်၊ ဧကကနိပါတ်၊ ဒုတိယ ပမာဒါဒိဝဂ်၌–

(၁)	မေ့လျော့ပေါ့ဆခြင်း	=	ပမာဒတရား။
(၂)	ပျင်းရိခြင်း	=	ကောသဇ္ဇတရား။
(၃)	အလိုကြီးခြင်း	=	မဟိစ္ဆတာတရား။
(၄)	မရောင့်ရဲခြင်း	=	အသန္တုဋ္ဌိတာတရား။
(၅)	မသင့်မလျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း	=	အယောနိသော မနသိကာရတရား။
(၆)	မဆင်ခြင်ခြင်း	=	အသမ္ပဇညတရား။
(၇)	ယုတ်မာသော အဆွေခင်ပွန်းရှိခြင်း	=	ပါပမိတ္တတာတရားများကို သာသနာတော်ပျက်စီးကြောင်း၊ ကွယ်ပျောက်ကြောင်း တရားဟူ၍လည်းကောင်း၊
(၁)	မမေ့မလျော့ခြင်း	=	အပ္ပမာဒတရား။
(၂)	ထက်သန်သော လုံ့လပြုခြင်း	=	ဝီရိယာရမ္ဘတရား။
(၃)	အလိုနည်းခြင်း	=	အပ္ပိစ္ဆတာတရား။
(၄)	ရောင့်ရဲခြင်း	=	သန္တုဋ္ဌိတာတရား။
(၅)	သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း	=	ယောနိသော မနသိကာရတရား။
(၆)	ဆင်ခြင်ခြင်း	=	သမ္ပဇညတရား
(၇)	အဆွေခင်ပွန်းကောင်းရှိခြင်း	=	ကလျာဏမိတ္တတာတရားများကို သာသနာတော်ကြာမြင့်စွာ တည်ကြောင်း၊ မပျက်စီးကြောင်း၊ မကွယ်ပျောက်ကြောင်း တရား

များဟူ၍လည်းကောင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးကို ဆောင်ရွက်နေကြသော ဘုရားတပည့်တော်တို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အားလုံးတို့သည် သာသနာတော်ပျက်စီးကြောင်း၊ ကွယ်ပျောက်ကြောင်း၊ တရားခုနစ်ပါးတို့ကို ဝေးစွာရှောင်ရှားတော်မူကြ၍ သာသနာတော်ကြာမြင့်စွာ တည်တံ့ကြောင်း၊ မပျက်စီးကြောင်း၊ မကွယ်ပျောက်ကြောင်း တရားခုနစ်ပါးတို့နှင့် ပြည့်စုံအောင်ကျင့်ဆောင်တော်မူကြကာ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ထက်သန်သော သဒ္ဓါအား၊ ဝီရိယအား၊ သတိအား၊ သမာဓိအား၊ ပညာအားဟူသော အားကြီးငါးပါး လက်ကိုင်ထားလျက် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားအောင် ရှက်ဆောင်ကြိုးကုတ် အားထုတ်တော်မူကြပါဟု လေးလေးနက်နက် တိုက်တွန်းလျက် ဘုရားတပည့်တော်၏ နိဂမနဩဝါဒကထာကို အဆုံးသတ်ပါသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။ ။

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့တွင် သဘာပတိအဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ မကွေးတိုင်းသရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရ ဆောင်ရွက်တော်မူစဉ်။
(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

တက်ရောက်ကြည်ညို

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်၊ သာသနာရေး ဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်းနှင့်ခရိုင်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ပဲခူးတိုင်း (အနောက်ပိုင်း)ပေါင်းတည်မြို့ နန်းဦးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ယုဂန္ဓရ၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီ ဝါဆိုကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယ၊ မန္တလေးတိုင်း ရမည်းသင်းမြို့ ဆင်ကျုံးတောရကျောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသီရိနှင့် စစ်ကိုင်းတိုင်း တမူးမြို့ ဂဏပါမောက္ခကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒတို့အား အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက တင်မြှောက်တော်မူကြသည်။

သဘာပတိ

အစည်းအဝေး ဒုတိယနေ့တွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘဒ္ဒန္တကေသရကလည်းကောင်း၊ အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ် ဆရာတော် ဘဒ္ဒန္တတေဇနိယကလည်းကောင်း ဆောင်ရွက်တော်မူကြသည်။

ထို့နောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်းနှင့် ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ပါကြောင်း လျှောက်ထားတော်မူသည်။

တင်ပြလျှောက်ထား

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဒွေးဝင်းက မဟာဝိဇယစေတီတော်ကြီးနှင့်တကွ ရန်ကုန်တိုင်းအတွင်း သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင်ကိုယ်စားလှယ် ဆရာတော်များက အကြံပြုဆွေးနွေးတော်မူကြရာ ရှေးဦးစွာ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မကွေးတိုင်း ပွင့်ဖြူမြို့ ရွှေစေတီကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလ၊ ရန်ကုန်တိုင်း လှိုင်မြို့နယ် ဇေယျမင်္ဂလာကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တတိလောကနှင့် ပဲခူးတိုင်း ညောင်လေးပင်မြို့ ဒက္ခိဏာရာမ အသောကာရုံတောင်ကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဣန္ဒကတို့က လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မန္တလေးတိုင်း ကျောက်ဆည်မြို့ ရွှေစေတီပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသ၊ ကရင်ပြည်နယ် ဘားအံမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇိန္ဒနှင့် ဧရာဝတီတိုင်း ပုသိမ်အနောက်မြို့နယ် ပစ္ဆိမာရုံကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒတို့က လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မိဂဒါဝုန်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ပဏ္ဍိတာဝရာဘိဝံသနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ စွန်းလွန်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ တို့ကလည်းကောင်း အသီးသီး ဝေဖန်ဆွေးနွေး အကြံပြုတင်ပြတော်မူကြသည်။

ပြန်လည်ရှင်းလင်း

ဆက်လက်၍ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏အစီရင်ခံစာ အပေါ် ဝေဖန်ဆွေးနွေးအကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံမြို့ ဇေယျာလင်္ကာရ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိက ပြန်လည်ရှင်းလင်း လျှောက်ထားပြီး အစည်းအဝေး၏ အတည်ပြုချက် ရယူတော်မူသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက နိုင်ငံတော်သံဃ ဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော်ဝိနည်းဓိုရ်လက်မှတ်များကို ဆက်ကပ်တော်မူသည်။

ဆက်လက်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆရာတော်များအား အသိအမှတ်ပြု ခန့်အပ်လွှာများကို အပ်နှင်းတော်မူသည်။

လက်မှတ်ရေးထိုး

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုး ရွေးချယ်ခဲ့မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များနှင့် မှတ်တမ်းတင်ချက်များကို နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီး ၁၅ပါး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် ပြည်နယ်၊ တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ် တစ်ပါးကျစီတို့က သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ လက်မှတ် ရေးထိုးတော်မူကြသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက နိဂုံးချုပ်ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက 'ဇယန္တောဗောဓိယာမူလေ' အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီးနောက် သာဓု သုံးကြိမ်ခေါ်ဆိုလျက် ညနေပိုင်းတွင် ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ဆွမ်းဆက်ကပ်လှူဒါန်း

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ၊ ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များအား အလှူရှင်များက ဆွမ်းခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဇနီး ဒေါ်ကြည်ကြည်အုန်းနှင့်မိသားစု၊ ရန်ကုန်မြို့ သာကေတမြို့နယ် (၁၀)မြောက်ရပ်ကွက် ရတနာပုံ(၂)လမ်း အမှတ် ၁၈၃ အေ/ဘီနေ ဦးအောင်ဒင် မိသားစုတို့က တစ်နေ့တာ ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

စစ်အင်အားအသုံးပြုမှုဖြင့် အီရတ်ပြဿနာကို မဖြေရှင်းနိုင် လုံခြုံရေးကို ပိုမိုဆိုးရွားစေကြောင်း ဆလိုဗက်ဝန်ကြီးချုပ်ပြောကြား

အရာတစ်လာဗာ ဖေဖော်ဝါရီ ၂၇

အီရတ်နိုင်ငံတွင် စစ်အင်အားအသုံးပြုမှုသည် အီရတ်နိုင်ငံ၏အနေအထားကို ပိုမိုဆိုးရွားမှုဖြစ်စေကြောင်း ဆလိုဗက်နိုင်ငံဝန်ကြီးချုပ် ရောဘတ်ဖီကိုက ဖေဖော်ဝါရီ ၂၅ ရက်၌ ပြောကြားလိုက်သည်။ စစ်အင်အား အသုံးပြုမှုသည် ပြဿနာများကို မဖြေရှင်းနိုင်ကြောင်း အီရတ်မှတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းနေသည့် ဆလိုဗက်နိုင်ငံ ဝန်ကြီးချုပ် ရောဘက်ဖီကိုက ဆက်လက် ပြောကြားသည်။

ပြောကြား

ဆလိုဗက်နိုင်ငံအနေဖြင့် အီရတ်သို့ ယခင်က တပ်ဖွဲ့ဝင် ၁၀၀ ကိုစေလွှတ် ပေးထားခဲ့ပြီး ယခုအခါ ပြန်လည်ရုပ်သိမ်းနေပြီ ဖြစ်သည်။ စစ်အင်အားသုံးစွဲမှုသည် အီရတ်နိုင်ငံ၏ လုံခြုံရေးအနေအထားကို အဆိုးရွားဆုံးဖြစ်စေကြောင်း၊ တည်ငြိမ်မှု ပျက်ပြားစေကြောင်း ၎င်းက ပြောကြားသည်။

ဆလိုဗက် တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံတွင် မြေမြှုပ်မိုင်းများရှင်းလင်းရေးအတွက် ဆောင်ရွက်ရာ၌ တာဝန်ယူလုပ်ကိုင်ရန် စေလွှတ်ခဲ့ခြင်း ဖြစ်သည်။ အီရတ်၌ ဆလိုဗက်တပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့ရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရန်နိုင်ငံ တီဟီရန်မြို့ တောင်ဘက် ကီလိုမီတာ ၄၂၀ အကွာရှိ ယူရေနီယံ သန့်စင်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရစဉ်။ (အင်တာနက်)

ကန်ဒုတိယသမ္မတအာဖဂန်နစ္စတန်ရောက်ရှိစဉ် ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် လူ ၂၃ ဦးသေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၂၇

အမေရိကန်ဒုတိယသမ္မတဒစ်ချေနီသည် အာဖဂန်နစ္စတန်နိုင်ငံ ဘာဂရမ်အမေရိကန်လေတပ်စခန်း၌ ရောက်ရှိနေစဉ် ထိုစခန်းအား ဖေဖော်ဝါရီ ၂၇ ရက်က အသေခံဗုံးခွဲတိုက်ခိုက်ခံရကြောင်း အင်တာနက်တွင် သတင်း ဖော်ပြသည်။

ထိုလေတပ်စခန်းသည် ကဘူးလ်မြို့ မြောက်ပိုင်း မိုင် ၃၀ အကွာ၌ တည်ရှိသော လေတပ်စခန်းဖြစ်ပြီး ဒုတိယသမ္မတ ဒစ်ချေနီ တစ်ညတာတည်းခိုနေစဉ် အတိုက်ခံရခြင်းဖြစ်သော်လည်း ၎င်းမှာလုံခြုံစွာရှိနေသည်ဟု အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဒေးဗစ်အက်ဆီတာက ပြောကြားသည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် ထိုနေ့နံနက် ၁၀ နာရီခွဲခန့်အချိန်တွင် တပ်စခန်းအဝင်ဂိတ်ဝ၌ ပေါက်ကွဲမှုဖြစ်ပွားခြင်း ဖြစ်သည်ဟု ဒုတိယသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး လီအာအန်နီမက်ဒရစ်က ပြောကြားသည်။ ၎င်းအနေဖြင့် ထိခိုက်မှု တစ်စုံတစ်ရာရှိသည် မရှိသည်ကို အတည်မပြုနိုင်ဟုဆိုသည်။

ယခုတိုက်ခိုက်မှုအတွင်း လူ၂၃ဦး သေဆုံးကြောင်း သိရသည်။ ယင်းတို့အနက် သုံးဦးမှာ အာဖဂန်စစ်သားများ မဟုတ်ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနက ပြောကြားသည်ကို ကိုးကား၍ အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန်နှင့် အာဖဂန်နိုင်ငံတို့အကြား မိုင် ၁၅၁၀ ရှည်သော နယ်စပ်တစ်လျှောက် အကြမ်းဖက်မှုများနှိမ်နင်းရန်အတွက် အမေရိကန် ဒုတိယသမ္မတက ယင်းနိုင်ငံတို့သို့ ခရီးထွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများက ဆိုသည်။ **(အင်တာနက်)**

တရုတ်နှင့်အီရန် ဝန်ကြီးများ နျူကလီးယားကိစ္စဆွေးနွေး

ပေကျင်း ဖေဖော်ဝါရီ ၂၇

တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်းသည် အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီနှင့် ဖေဖော်ဝါရီ ၂၃ ရက်က တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ အီရန်နိုင်ငံ၏ နျူကလီးယားအရေးကို ဆွေးနွေးခဲ့ကြသည်။

သံတမန်နည်းလမ်း

ယင်းကိစ္စကို သံတမန်နည်းလမ်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းရန် တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို မစ္စတာလီက ထပ်မံပြောကြားလိုက်သည်။

ရပ်ဆိုင်းရန်

အီရန်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ တောင်းဆိုသကဲ့သို့ ယူရေနီယံ သန့်စင်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ရပ်ဆိုင်းရန် ငြင်းပယ်ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်က အိုင်အေအီးအေ အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အသေးငယ်ဆုံး ဆိုင်ကယ်

ကမ္ဘာ့အသေးငယ်ဆုံး မော်တော်ဆိုင်ကယ်တစ်စီး စီးပြနေသူတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

ဆွီဒင်နိုင်ငံ ဟိုကီရမ်မြို့တွင် တွမ်ဝီဘတ်အမည်ရှိ အမျိုးသားတစ်ဦးက အချင်း ၀ ဒသမ ၈၆ လက်မရှိသော ဆိုင်ကယ်ဘီးနှစ်လုံးပါ အရှည် ၃ ဒသမ ၁၄ လက်မသာရှိပြီး အလေးချိန် ၂ ဒသမ ၄ ပေါင်ရှိသော ဆိုင်ကယ်လေးတစ်စီးကို တီထွင်ထုတ်လုပ်ခဲ့ကြောင်း သိရသည်။ ၎င်းဆိုင်ကယ်လေးသည် တစ်နာရီလျှင် နှစ်ကီလိုမီတာ ခရီးမောင်းနှင်နိုင်ပြီး ကမ္ဘာပေါ်တွင် လူစီးမော်တော်ဆိုင်ကယ်များအနက် အသေးငယ်ဆုံးဖြစ်သည်။

(အင်တာနက်)

အမေရိကန်၌ လေဆင်နှာမောင်းတိုက်ခတ်

လစ်တယ်ရော့ ဖေဖော်ဝါရီ ၂၇

အမေရိကန်နိုင်ငံ အာကင်ဆောပြည်နယ် ဒူးမက်စ်မြို့တွင် ဖေဖော်ဝါရီ ၂၄ရက်က လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

အင်အားပြင်းထန်

အင်အားပြင်းထန်သော ဆောင်းမုန်တိုင်းတစ်ခု အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်နှင့် အနောက်အလယ်ပိုင်းဒေသများကို ဖြတ်သန်းတိုက်ခတ်ချိန်တွင် အာကင်ဆောပြည်နယ်၌ လေဆင်နှာမောင်းတိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

ပျက်စီး

ထိုသို့ လေဆင်နှာမောင်း တိုက်ခတ်ခဲ့မှုကြောင့် ဒူးမက်စ်မြို့ရှိ စီးပွားရေးလုပ်ငန်း အဆောက်အအုံများ ပျက်စီးခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အာကင်ဆောပြည်နယ်၏ အရေးပေါ်စီမံခန့်ခွဲရေးဌာနမှ ပြောရေးဆိုခွင့်ရ အမျိုးသမီး တီနာအိုဝင်က ပြောကြားသည်။

တိုက်ခတ်

ထိုလေဆင်နှာမောင်းသည် ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲသုံးနာရီခန့်က တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ရေခဲများဖြင့် ပြုလုပ်ထားသော အဆောက်အအုံ

ရေခဲများဖြင့် လှပခံ့ထည်စွာ ပြုလုပ်ထားသော အဆောက်အအုံ တစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ လျှောင်နင်းပြည်နယ်တွင် လူနာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်အဖြစ် ဂရိတ်ဟာန်ဂင် တောင်ပေါ်တွင် ရေခဲများဖြင့် လှပဆန်းကြယ်စွာ တန်ဆာဆင် ပြုလုပ်ထားသော အဆောက်အအုံတစ်ခုကို ခရီးသွားဧည့်သည်များအား ဆွဲဆောင်မှုတစ်ရပ်အဖြစ် ဒေသခံများက ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်ပြည်မြောက်ပိုင်းတွင် ရှေးမင်းဆက်များ၏ အုတ်ဂူများ တူးဖော်တွေ့ရှိ

ရှိကျီကျောင် ဖေဖော်ဝါရီ ၂၇

တရုတ်ပြည်မြောက်ပိုင်း ဟူဘီပြည်နယ် တန်ကျင်းစီရင်စုတွင် တရုတ်ရှေးဟောင်းသုတေသီများက လွန်ခဲ့သောနှစ်ပေါင်း ၁၈၀၀ ကျော်က အုတ်ဂူ ၄၆ ခုကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

ယင်းတို့မှာ ဟာန်မင်းဆက်၏ဂူ ၁၃ ခု၊ အရှေ့ပိုင်းဂျင်မင်းဆက်နှင့် မြောက်ပိုင်း မင်းဆက်များ၏ဂူ နှစ်ခု၊ တန်မင်းဆက်၏ဂူ ရှစ်ခု၊ ဂျင်မင်းဆက်၏ဂူ ၁၅ ခု၊ ယွမ်မင်းဆက်နှင့် မင်မင်းဆက်၏ဂူ ငါးခုနှင့် ကင်မင်းဆက်၏ဂူ သုံးခုတို့ ဖြစ်ကြသည်။

တူးဖော်ရရှိ

သုတေသီများသည် ရှေးဟောင်းသမိုင်းဝင်ပစ္စည်း ၂၇၆ မျိုးကို တူးဖော်ရရှိခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘော အလည်အပတ်ခရီးအဖြစ် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ထိုသို့ပြန်လည်မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမ၌ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ်အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက ခရီးစဉ်မှတ်တမ်း စီဒီခွေကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိုးဝင်း၊ လေ့ကျင့်ရေးသုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့်သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု ဒိုးချောင်ကွင်း၌ ဆောင်းသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

* ကျောဖုံးမှ

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ မောင်တောခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က တောင်စောင်း၌ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်၃၂၀၀၊၂ ဒသမ ၆၇ဧကေ စိုက်ခင်းကိုလည်းကောင်း၊ ဘူးသီးတောင်–မောင်တောကားလမ်းဘေးဝဲယာ၌ အောင်မြင်ဖြစ်ထွန်းနေသည့် ဘူးသီးတောင်တပ်နယ်၏ ခြံစည်းရိုးကြက်ဆူ စိုက်ခင်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ယခုဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုး ကြက်ဆူစိုက်ခင်းမှ ပျိုးကိုင်းပွား၍ စိုက်ဧကတိုးချဲ့ စိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ငါးကျည်တောက်ရှိ နယ်မြေခံတပ်နယ်၌ အရာရှိစစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကာ တပ်နယ်ရှိအရာရှိစစ်သည်မိသားစုဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ တပ်နယ်အတွင်းရှိ နွေစပါး ဧက၃၀၊ ဆောင်းသီးနှံ၁၅ဧကေ စိုက်ပျိုးဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဘူးသီးတောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိကြပြီး ပြည်နယ် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဘူးသီးတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်မျိုးက မြို့နယ်နှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဘူးသီးတောင်မြို့နယ် အနေဖြင့် ဆန်ဖူလုံမှုရှိသကဲ့သို့ ဆီဖူလုံမှုရှိစေရေးအတွက် နွေနှမ်းအပြင် နေကြာကို ပဲစိုက်ခင်းများတွင် သီးညှပ်အဖြစ် စိုက်ပျိုးရန် လိုအပ်ကြောင်း၊ နွေစပါးအတွက် စိုက်ပျိုးရေရရှိရန် သဘာဝစိမ့်ရေစမ်းရေများပိတ်၍ ဆည်ငယ်များတည်ဆောက်ကာ စိုက်ဧကတိုးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်ကိုလည်း လျာထားချက်ပြည့်မီ ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် အကောင်အထည် ဖော်ရမည်ဖြစ်ကြောင်း၊ အလားတူ ရော်ဘာနှင့် ငရုတ်ကောင်းကိုလည်း သတ်မှတ်ချက်နှင့်အညီ ဖြစ်မြောက်အောင် စိုက်ပျိုးရန်လိုကြောင်း မှာကြားသည်။

ရောက်ရှိ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း ရှေ့တန်းစခန်း၏ ရော်ဘာ ပျိုးဥယျာဉ်သို့ ရောက်ရှိကြရာ ပြည်နယ်မန်နေဂျာ ဦးနိုင်ဦးက ပြည်နယ်အတွင်း နှစ်ရှည်ပင်ရော်ဘာစိုက်ပျိုးမှု၊ မောင်တောခရိုင်နှင့် ဘူးသီးတောင် မြို့နယ်အတွင်း ရော်ဘာစိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ရော်ဘာပျိုးဥယျာဉ် ငါးဧကအတွင်းရှိ ပျိုးပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ရော်ဘာပျိုးဥယျာဉ် ငါးဧကတွင် ရော်ဘာပျိုးပင် ၃၆၄၀၀၀ ပျိုးထောင်ထားရှိသည်။ မောင်တောခရိုင်၌ လျာထားဧက ၁၇၀၀ တွင် ၁၀၆၅ဧကေ စိုက်ပျိုးပြီး ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု ဒိုးချောင်ကွင်းသို့ ရောက်ရှိကြပြီး ဆောင်းသီးနှံ မြေပဲ၊ ဘိုကိတ်ပဲ၊ မုန်ညင်း၊ မြေထောက်ပဲ၊ အာလူး၊ ကြက်သွန်နီ စိုက်ပျိုးပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ နွေစပါးစံပြဧက၁၀၀ စိုက်ခင်းသို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ရှင်းလင်းဆောင်၌ ဘူးသီးတောင်မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးလှကျော်အေးက မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေး၍ နွေစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စုတွင် နွေစပါး၅၈၅ ဧကနှင့် ဆောင်းသီးနှံ ဧက ၇၆၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဘူးသီးတောင်မြို့မှ မလိခအမြန်ရေယာဉ်ဖြင့် ရသေ့တောင်မြို့သို့ ရောက်ရှိကြပြီး ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများအားတွေ့ဆုံသည်။

ဖြည့်စွက်ရှင်းလင်း

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ရသေ့တောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သန်းက မြို့နယ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြရာ ဗိုလ်မှူးချုပ်မောင်ရှိန်၊ ခရိုင်ဥက္ကဋ္ဌ ဦးအေးသောင်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထောက်ပံ့ငွေများပေးအပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရသေ့တောင်တပ်နယ်ရှိ အရာရှိ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံပြီး တပ်မတော်သားများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်အောင်မြင်ရေးအတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး တပ်နယ်ရှိ အရာရှိ စစ်သည် မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ၌ နာယကဆရာတော် ဓမ္မဒူတဒေါက်တာအရှင်ပညိသာရသည် မတ် ၁ရက်မှ၇ရက်အထိ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဝိပဿနာအလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ရိပ်သာဝင်လိုသော ယောဂီများသည် ဖေဖော်ဝါရီ ၂၈ရက်အရောက်လာကြရန်နှင့် ရိပ်သာဖုန်း– ၀၉–၅၃၀၂၀၉၂၊ ၀၉–၅၁၀၄၆၆၉၊ ကိုကျော်နိုင်(ပဲခူး)– ၀၉–၅၃၀၁၅၃၇ နှင့် ကိုကျော်ဆန်း (ရန်ကုန်)–၀၉–၅၀၁၇၂၉၄ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာ့အလင်း အင်တာနက် ဟောင်ပိတ်သတင်း

အစ္စရေးတပ်များ အနောက်ဘက်ကမ်းမှ ပြန်လည်ဆုတ်ခွာ တိုက်ခိုက်ရေးသမားများအား လိုက်လံချေမှုန်းခဲ့

နာဘလပ် ဖေဖော်ဝါရီ ၂၇

အစ္စရေးတပ်ဖွဲ့ဝင်များနှင့် သံချပ်ကာယာဉ်များသည် ပါလက်စတိုင်းအကြမ်းဖက်သမားများအား သုံးရက်ကြာလိုက်လံချေမှုန်းတိုက်ခိုက်ပြီးနောက် ဖေဖော်ဝါရီ ၂၇ ရက် နံနက်စောစောပိုင်းက အနောက်ဘက်ကမ်း နာဘလပ်မြို့မှ ပြန်လည်ဆုတ်ခွာသွားပြီဖြစ်ကြောင်း ပါလက်စတိုင်းတို့က ပြောကြားသည်။

ဖေဖော်ဝါရီ ၂၇ ရက် အရုဏ်ကျင်းချိန်တွင် အစ္စရေးတပ်များ လုံးဝမရှိတော့ကြောင်း၊ သို့ရာတွင် အစ္စရေးတို့က တိုက်ခိုက်မှု အဆုံးသတ်ပြီဟု အတည်ပြု ပြောကြားခြင်းမရှိသေးကြောင်း၊ ယင်းမှာ မကြာသေးသည့်လများအတွင်း အကြီးမားဆုံးစစ်ဆင်ရေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုစစ်ဆင်ရေးကြောင့် ယင်းမြို့နေ ပြည်သူထောင်ပေါင်းများစွာတို့ ဘေးကင်းရာသို့ ရှောင်တိမ်းပေးခဲ့ရကြောင်း နာဘလပ်မြို့တော်ဝန် အက်လီယာဆင်က ပြောကြားသည်။

အစ္စရေးတပ်များက ထိုသို့ အနောက်ဘက်ကမ်းမြို့ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းမှာ အစ္စရေးနိုင်ငံအတွင်းသို့ အသေခံဗုံးခွဲသူများ အဆိုပါမြို့မှ ဝင်ရောက်ရန် ကြိုးစားခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။

အစ္စရေးတပ်များက အဆိုပါ စစ်ဆင်ရေးတွင် အလိုရှိသူငါးဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်ရန် ပစ္စည်းများ၊ ဗုံးခါးပတ်များနှင့် ဗုံးခွဲတိုက်ခိုက်သူများ၏ မှတ်တမ်းများ၊ စတူဒီယိုခန်းတို့ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း အစ္စရေးတို့က ပြောကြားသည်။

(အင်တာနက်)

အင်တာနက် – ကျန်းမာရေး

နွားနို့ကို နဂိုအတိုင်း ကျိုချက်သောက်သုံးသင့်

လန်ဒန် ဖေဖော်ဝါရီ ၂၇

နွားနို့သောက်သုံးရာတွင် မူလနွားနို့အတိုင်း ကျိုချက်သောက်သုံးသင့်ကြောင်း၊ နို့ကို တစ်နည်းနည်းဖြင့် ပြုပြင်ထားသော အစားအသောက်များသည် မူလအာဟာရဓာတ်များ ပါဝင်မှု၏ အနည်းငယ်ခန့်သာရှိသဖြင့် ကျန်းမာရေးအတွက် ထိရောက်မှု မရှိကြောင်း လန်ဒန်သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

သန်မာထွားကျိုင်း

နှစ်ပေါင်းများစွာကပင် နို့သောက်ခြင်းအလေ့ရှိခဲ့ပြီး နဂိုအတိုင်း ကျိုချက် သောက်သုံးခဲ့ခြင်းဖြစ်သည်။ နို့ကိုကျိုချက်ပြီး သောက်သုံးပါက နွားနို့တွင်ပါဝင်သော သကြားဓာတ်တစ်မျိုး လူခန္ဓာကိုယ် သန်မာထွားကျိုင်းမှုကို ဖြစ်ပေါ်စေကြောင်း ၎င်းတို့က ပြောကြားသည်။

နွားနို့ကို တစ်နည်းနည်းဖြင့် ပြုပြင်ထားသော အစားအသောက်များသည် ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ ဖြစ်တတ်ကြောင်း၊ ထို့ကြောင့် စနစ်တကျ ကျက်အောင်ကျိုချက်၍ သောက်သုံးခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

နွားနို့သည် အထူးသဖြင့် ကလေးငယ်များနှင့် အသက်(၅၀)ကျော်လူတို့အတွက် အထူးသင့်လျော်သော အာဟာရအစားအစာဖြစ်ပြီး နွားနို့ကို ပထမကျိုချက်ပြီး အအေးခံကာ ထပ်မံကျိုချက် သောက်သုံးပါက နွားနို့တွင် ပါဝင်သော ပိုးများသန့်စင်သွားနိုင်ကြောင်း သုတေသနပညာရှင် ဒေါက်တာသောမတ်က ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း အင်တာနက်သတင်း အတိုအထွာ

(၇၉)ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုပေးပွဲတွင် တရုတ်နိုင်ငံမှ ကလေးများအား အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ခံရမှုအကြောင်း ရိုက်ကူးတင်ဆက်ထားသော မှတ်တမ်းရုပ်ရှင်ကားသည် အကောင်းဆုံး မှတ်တမ်းကားဆုရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၂၇ရက်က အင်တာနက် သတင်း၌ ဖော်ပြသည်။

အမေရိကန်နိုင်ငံ ပြည်နယ် ၂၄ ခု၌ ပျားကောင်များပျောက်ကွယ်သွားရမှုကြောင့် သီးနှံများထုတ်လုပ်မှုကျဆင်းမည်ကို ခြိမ်းခြောက်ခံနေရကြောင်း ဖေဖော်ဝါရီ ၂၇ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ စွန်လွှတ်ပွဲတော်ကျင်းပစဉ်ကာလအတွင်း တစ်ဦးနှင့်တစ်ဦး တက်နင်းမိမှုကြောင့် အနည်းဆုံးလူ ၁၀ဦးသေဆုံးသွားကြောင်း ဖေဖော်ဝါရီ ၂၆ရက်က အင်တာနက် သတင်း တစ်ပုဒ်တွင် ဖော်ပြသည်။

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကရိန်းတစ်ခု ဆောက်လုပ်ဆဲ အဆောက်အအုံတစ်ခုပေါ်သို့ပြုတ်ကျရာ လူလေးဦးသေဆုံးသွားကြောင်း ဖေဖော်ဝါရီ ၂၇ရက်က အင်တာနက်တွင် ဖော်ပြသည်။

အမေရိကန်အရှေ့အလယ်ပိုင်းဒေသ၌ နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူကိုးဦးသေဆုံးခဲ့ကြောင်း၊ ယင်းမုန်တိုင်းသည် ဖေဖော်ဝါရီ ၂၆ ရက်က အမေရိကန်အရှေ့ပိုင်းကမ်းခြေများသို့ ဦးတည်တိုက်ခတ်သွားကြောင်း ဖေဖော်ဝါရီ ၂၇ရက်က အင်တာနက်သတင်း၌ တွေ့ရသည်။

ပြင်သစ်ဆယ်ကျော်သက်လူငယ်တစ်ဦးသည် ဆော်ဒီအာရေဗျနိုင်ငံ မာဒိန်ဆာလက်ဒေသ၌ ဖေဖော်ဝါရီ ၂၆ ရက်က ချုံခိုတိုက်ခိုက်ခံရသဖြင့် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားကြောင်း၊ ယင်းမှာထိုတိုက်ခိုက်ခံရမှုကြောင့် သေဆုံးသည့်လေးဦးမြောက်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၇ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ကမ္ဘာ့စွမ်းအင်အနေအထားကို မှန်ကန်စွာသုံးသပ်နိုင်သည့် ဤကမ္ဘာလောကနှင့် ရေနံစွမ်းအင်ပြဿနာစာအုပ် မိတ်ဆက်ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကမ္ဘာ့နိုင်ငံအသီးသီးတွင်ကြုံတွေ့နေရသော ရေနံစွမ်းအင်ပြဿနာကို မီးမောင်းထိုးပြသထားပြီး စွမ်းအင်သယံဇာတ အနေအထားများအား ပြည့်စုံစွာရေးသားထားသော ဤကမ္ဘာလောကနှင့် ရေနံစွမ်းအင်ပြဿနာအမည်ရှိ သံအမတ်ကြီး ဦးလှမောင်(ဘောဂ)ရေးသားသည့် စာအုပ်နှင့်ပတ်သက်သော ရှင်းလင်းပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ ပန်ဒါဟိုတယ်၌ ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

သတင်းမှတ်စု
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ဝေငှ

ရှင်းလင်းပွဲတွင် သံအမတ်ကြီး ဦးလှမောင်(ဘောဂ)က သူကိုယ်တိုင် တစ်နှစ်ခွဲကျော်ကြာ အချိန်ယူရေးသားထားသော ဤကမ္ဘာလောကနှင့် ရေနံစွမ်းအင်ပြဿနာ စာအုပ်ကို စာနယ်ဇင်းသမားများအား ဝေငှပေးသည်။

သိရှိခွင့်ရ

ထို့နောက် စာအုပ်ပါအကြောင်းအရာများနှင့်ပတ်သက်ပြီး သံအမတ်ကြီး ဦးလှမောင်(ဘောဂ)က ရှင်းလင်းပြောကြားရာ ကမ္ဘာ့ရေနံစွမ်းအင်အနေအထားကို သိရှိခွင့်ရရှိခဲ့သည်။

ရှင်းလင်းပြောကြား

ယခုစာအုပ်ကို အချက်အလက်ခိုင်ခိုင်လုံလုံဖြင့် ရေးသားတင်ပြထားခြင်းဖြစ်ပြီး အနာဂတ်ကမ္ဘာတွင် ရေနံလိုအပ်ချက်များဖြည့်တင်းပေးနိုင်ရေးကိစ္စ၏ အခက်အခဲ၊ ကမ္ဘာ့ရေနံသယံဇာတများ တဖြည်းဖြည်း လျော့နည်းလာခြင်း၊ သဘာဝဓာတ်ငွေ့ထွက်ရှိမှုနှင့် ဖြန့်ဖြူးနိုင်မှုများကို သံအမတ်ကြီး ဦးလှမောင်(ဘောဂ)က ရှင်းလင်းပြောကြားသည်။

စနစ်တကျ

ထို့အပြင် စွမ်းအင်မရှိလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မရှိနိုင်ဟူသော ကမ္ဘာ့စီးပွားရေး ပညာရှင်များ၏ သုံးသပ်နေမှု၊ ရေနံစွမ်းအင်ထုတ်လုပ်မှုကျဆင်းပါက သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ နျူကလီးယား၊ ရေအားလျှပ်စစ်၊ ဇီဝဒြပ်ထု၊လေ၊နေ၊ ဒီရေနှင့် ဟိုက်ဒရိုဂျင်စသည့် အခြားစွမ်းအင်အမျိုးမျိုးတို့ကို မည်သည့်အတိုင်းအတာအထိ လွှဲပြောင်းအသုံးပြုလာနိုင်မှုအပေါ်တွင်လည်း ၎င်းက ရှင်းလင်းဆွေးနွေးသွားသည်။

ဤကမ္ဘာလောကနှင့် ရေနံစွမ်းအင်ပြဿနာ အမည်ရှိ စာအုပ်နှင့် ပတ်သက်၍ သံအမတ်ကြီးဦးလှမောင်(ဘောဂ) ရှင်းလင်းပြောကြားစဉ်။

သုံးစွဲနိုင်

တစ်ဖန် ကမ္ဘာ့စွမ်းအင်တွင် အုပ်စုနှစ်ခုရှိပုံ၊ ယင်းတို့မှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးတို့သည် နှစ်သန်းပေါင်းထောင်ချီပြီး တိရစ္ဆာန်၊ သစ်ပင်စသည့် ရုပ်ဖြစ်ကြွင်းကျန်များမှ ထွက်ရှိလာသော လောင်စာစွမ်းအင်နှင့်ရေ၊ ဇီဝစွမ်းအင်၊ လေ၊ နေ၊ ရေ၊ ဒီရေ၊ ဟိုက်ဒရိုဂျင်စသည့် စွမ်းအင်အုပ်စုတို့ဖြစ်ကြောင်း၊ ပထမစွမ်းအင်အုပ်စုမှာ အချိန်အကန့်အသတ်ဖြင့်သာ သုံးစွဲနိုင်ပြီး ဒုတိယအုပ်စုမှာ အချိန်အကန့် အသတ်မရှိ သုံးစွဲနိုင်သော စွမ်းအင်များဖြစ်ကြောင်း သံအမတ်ကြီး ဦးလှမောင်(ဘောဂ)က အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

အချက်အလက်ပြည့်စုံ

ထို့ကြောင့် ကမ္ဘာ့ရေနံစွမ်းအင် အနေအထားကို မှန်မှန်ကန်ကန် သုံးသပ်တင်ပြထားသဖြင့် အချက်အလက် ပြည့်စုံသည်ဖြစ်ရာ စာကြည့်တိုက်များတွင်ထားရှိသင့်ပြီး မိုင်ငြမ်းကျမ်းပြုသူများအတွက်လည်း တန်ဖိုးမဖြတ်နိုင်သည့် စာအုပ်ဖြစ်ရာ ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီက ထုတ်ဝေသော စာအုပ်ဖြစ်သလို သံအမတ်ကြီးဦးလှမောင်(ဘောဂ)၏ ဆွေးနွေးမှုများကလည်း မှတ်သားစရာကောင်းလှပါကြောင်း ဖော်ပြလိုက်ရပါသည်။

(မြန်မာ့အလင်း)



သံအမတ်ကြီး ဦးလှမောင်(ဘောဂ) ဤကမ္ဘာလောကနှင့် ရေနံစွမ်းအင်ပြဿနာ စာအုပ် မျက်နှာဖုံး။

ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

■ ကျောဖုံးမှ

လျာထားကေ၊ စိုက်ပြီး ကေများနှင့် ပိုးသတ်ဆေးများသုံးစွဲမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ ပေါင်းရှင်းပေးရန် ဓာတ်မြေဩဇာကို သဘာဝမြေဩဇာနှင့်ရော၍ ကြဲပက်ပေးရန်နှင့် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပျော်ဘွယ်မြို့နယ်တွင် ယင်းတော်ကန်ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားသော နွေစပါးကေ ၄၀ အား ကြည့်ရှုစစ်ဆေးပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီရေးအတွက် စတင်စိုက်ပျိုးစဉ်မှစ၍ ဂရုပြုဆောင်ရွက်သွားရန် မှာကြားသည်။

လေ့လာစိုက်ပျိုး

ထို့နောက် ပျော်ဘွယ်မြို့နယ် ကန်သာကျေးရွာအုပ်စု တောင်သူဦးမျိုးဝင်း၏ အောင်မြင် ဖြစ်ထွန်းနေသော မိုးနှောင်းမျိုးသန့်ပါ ငွေချည်(၆) ၃ဒသမ၂၅ကေကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ တောင်သူဦးမျိုးဝင်းက ပိုးသတ်ဆေးပက်ဖျန်းမှု၊ အားဆေးပက်ဖျန်းမှု၊ ရေပေးသွင်းမှုနှင့် တစ်ကေလျှင် နှစ်ကြိမ် ဆွတ်ခူးရာ ပိဿာ၂၀၀ကျော် ရရှိပြီးဖြစ်၍ အထွက်နှုန်းအား ပိဿာ ၆၀၀ကျော်ခန့်မှန်းကြောင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ယခု အောင်မြင်နေသော ဝါစိုက်ခင်းအား အနီးပတ်ဝန်းကျင်မှ ဝါစိုက်ပျိုးသူများအား လေ့လာစေပြီး အတုယူ စိုက်ပျိုးသွားရန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ကြီးမှူးပြီး ဖောက်လုပ်လျက်ရှိသော ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ဖောက်လုပ်ခြင်းလုပ်ငန်း လှိုင်းတက်လမ်းဆုံ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကံလှက ခရိုင်ချင်းဆက်လမ်းအမှတ်(၂)ဖောက်လုပ်နေမှု၊ လုပ်ငန်းပြီးစီးမှု အခြေအနေ ဆောင်ရွက်ရန်ကျန်အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီ ပြီးစီးရေး၊ ပတ်ဝန်းကျင်လယ်ကွက်များ နွေစပါးစိုက်ပျိုးရန် ရေလက်မြောင်းများ ပိတ်ဆို့မှု မဖြစ်စေရေး မှာကြားသည်။ ထို့နောက် မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရမည်းသင်းမြို့နယ်နှင့် တပ်ကုန်းမြို့နယ်ကြား မိုင်တိုင်အမှတ် ၁၁၀/၇ တွင် မြေတူးစက်၊ မြေကော်စက်၊ မြေထိုးစက် စက်ယန္တရားများဖြင့် လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအားတွေ့ဆုံပြီး နွေစပါးစိုက်ပျိုးရန် လိုအပ်ချက်များကို မေးမြန်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် အမှတ်(၂) ခရိုင်ချင်းဆက်လမ်းအတိုင်း မော်တော်ယာဉ်ဖြင့် တပ်ကုန်းမြို့နယ် ကင်းသာဆည် လမ်းဆုံရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးကံလှက ကင်းသာ–ဂမုန်းတောင်လမ်း ဖောက်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ဆောင်ရွက်ပြီးစီး

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လမ်းသည် အကျယ် ပေ ၅၀၊ အလျား ၂၁၃ မိုင်ရှိပြီး မြေသားလမ်း ၂၃ မိုင် ၃ ဖာလုံ၊ ကျောက်ချောလမ်း ၁၀ မိုင် ၃ ဖာလုံ၊ သစ်သားတံတား ၁၂ ခု၊ သံကူကွန်ကရစ် တံတားတစ်ခုနှင့် ရေပြွန် ၈၁ လုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုင်ကြားနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးလျက်ရှိရာ မှန်ကန်သည့် တာဝန်ထမ်းဆောင်မှုများပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့်လည်း ရန်ကုန်မြို့နေ ပြည်သူလူထု၏အကျိုးကို ကောင်းမွန်မှန်ကန်သောနည်းလမ်းများဖြင့် အစဉ်တစိုက်ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ရန်ကုန်မြို့နေ ပြည်သူလူထုအနေဖြင့် စည်ပင်သာယာလုပ်ငန်းများနှင့် ပတ်သက်၍ အခက်အခဲများရှိလျှင်သော်လည်းကောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော မိမိတာဝန်နှင့်လုပ်ပိုင်ခွင့်ကို အလွဲသုံး၍ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများကြုံတွေ့ရလျှင်သော်လည်းကောင်း ပြည်သူလူထုကိုယ်တိုင်ဖော်ပြပါ တယ်လီဖုန်း ၀၁–၃၇၁၉၅၀နှင့်၀၁–၂၄၉၀၄၅တို့သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုင်ကြားနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးလျက်ရှိရာ မှန်ကန်သည့် တာဝန်ထမ်းဆောင်မှုများ ပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိပြီး သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့်လည်း အစဉ်တစိုက် ပြည်သူလူထု၏ အကျိုးကိုကဏ္ဍအလိုက် ကောင်းမွန်မှန်ကန်သော နည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ယင်းသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့် မကိုက်ညီသော၊ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံး၍ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများပြုလုပ်ခဲ့ပါက ထိခိုက်နစ်နာသည့် ပြည်သူလူထုများကိုယ်တိုင် စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်း ဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း ၀၆၇–၄၀၅၀၀၅၊ ရုံးအဖွဲ့မှူး ဖုန်း ၀၆၇–၄၀၅၀၀၄၊ ဖက်(စ်) ၀၆၇–၄၀၅၀၇၀၊ သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ်(၂၈)နေပြည်တော် e-mail;mofofficepma@mptmail.net.mm တို့ဖြစ်သည်။

ထိုသို့ တိုင်ကြားလာပါက ဝန်ကြီးရုံးအနေဖြင့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်အရေးယူသွားမည်ဖြစ်ပြီး ပြည်သူလူထုများကလည်း နည်းလမ်းမှန်ကန်စွာ ပါဝင်ဆောင်ရွက်ကြရန် အသိပေးအကြောင်းကြားထားသည်။

(သတင်းစဉ်)

ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကိုရီးယားနိုင်ငံ Daewoo International Corporationတို့သည် ရခိုင်ကမ်းလွန်ဒေသ ရေနက်ပိုင်း လုပ်ကွက် AD-7 ၌ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract)ကို ဖေဖော်ဝါရီ၂၅ရက် ညနေပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုး ချုပ်ဆိုသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ Daewoo International Corporation ၏ Senior Executive Vice President Mr. Chae Moon Rim ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြစဉ်။ (စွမ်းအင်)

တက်ရောက်

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဒုတိယ ရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ကိုရီးယားသမ္မတနိုင်ငံ Ministry of Commerce, Industry and Energy ဒုတိယဝန်ကြီး H.E. Mr. Jae Hoon Lee ၊ Daewoo International Corporation ၏ President and CEO, Mr. Young Won Kangနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကား

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိက အဖွင့်အမှာစကားပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံ Ministry of Commerce, Industry and Energy ဒုတိယဝန်ကြီး H.E. Mr. Jae Hoon Lee၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့် Daewoo International Corporation ၏ President and CEO ဖြစ်သူ Mr. Young Won Kangတို့က နှုတ်ခွန်းဆက်စကား အသီးသီးပြောကြားကြသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ Daewoo International Corporation ၏ Senior Executive Vice President, Mr. Chae Moon Rim နှင့် အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ Daewoo International Corporation ၏ President and CEO, Mr. Young Won Kang တို့က လက်မှတ်ရေးထိုးကြကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်ကို ပေးအပ်ရာ Daewoo International Corporation ၏ Senior Executive Vice President, Mr. Chae Moon Rim က လည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို ပေးအပ်ရာ Daewoo International Corporation ၏ President and CEO, Mr. Young Won Kang က လည်းကောင်း လက်ခံကြသည်။

အကျိုးတူ

ယင်းလက်မှတ်ရေးထိုးချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်သည် ရခိုင်ကမ်းလွန်ဒေသ ရေနက်ပိုင်းလုပ်ကွက် AD-7 အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးအခြေခံဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၇ ရက်က အင်းစိန်မြို့နယ် သံဃာ့ဆေးရုံကြီးတွင် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်အတွက် အင်းစိန်ဈေးသူ ဈေးသားများ၏ လှူဒါန်းငွေကျပ် ခုနစ်သိန်းငါးသောင်းကို ဈေးသူ ဈေးသားများကိုယ်စား ဦးလှသန်းနှင့် အဖွဲ့က အင်းစိန်မြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေထံ ပေးအပ်စဉ်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအား UNIAP Regional Project Manager တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးအား UNIAP Regional Project Manager Mr. Matthew S. Friedman နှင့် အဖွဲ့ဝင်တို့သည် ဖေဖော်ဝါရီ ၂၃ရက် ညနေ ၄နာရီက အဖွဲ့ချုပ်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် လုပ်ငန်းဆောင်ရွက်ချက်များ၊ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့်အတူ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေ၊ အတွင်းရေးမှူးအဖွဲ့ဝင် ဒေါ်ထူးရော်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနတို့ ပူးပေါင်း နိုင်ငံခြားသားခရီးသွား ပိုမိုလာရောက်ရေးနှင့် မီးရထားခရီးစဉ် တိုးတက်စီးနင်းရေး ညှိနှိုင်းအဖြေရှာ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနတို့ ပူးပေါင်း၍ နိုင်ငံခြားသားခရီးသွားများ ပိုမိုလာရောက်ရေးနှင့် မြန်မာ့မီးရထားခရီးစဉ်များတွင် ပိုမိုတိုးတက်စီးနင်းရေးအတွက် ပူးပေါင်းညှိနှိုင်းအဖြေရှာရန်နှင့် လက်တွေ့ကွင်းဆင်းလေ့လာရေး၊ ရန်ကုန်-မန္တလေး ရထားခရီးစဉ်အဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ မြန်မာ့မီးရထားမှ အထွေထွေ မန်နေဂျာ(စီးပွားရေး) ဦးကြည်အေးတို့နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂၄ရက် နံနက် ၄နာရီက အာရ်ဘီအီးအထူးရထားဖြင့် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာကြသည်။

အပြန်အလှန်ဆွေးနွေး

လမ်းခရီးတစ်လျှောက်တွင် ရထားပေါ်ရှိ အစည်းအဝေးခန်းမ၌ မြန်မာ့မီးရထားနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ကိုယ်စားလှယ်များနှင့် နိုင်ငံခြားသားခရီးသည်များ ပိုမိုလာရောက်ရေးနှင့် ခရီးသွားလုပ်ငန်းရှင်များ၏ တင်ပြချက်များကို အပြန်အလှန်ဆွေးနွေးကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် အထွေထွေမန်နေဂျာ(စီးပွားရေး) ဦးကြည်အေးတို့က ဖြည့်စွက်ဆွေးနွေးကြသည်။ ဧည့်သည်တော်များသည် မွန်းလွဲ ၁နာရီတွင် ပျဉ်းမနားဘူတာသို့ရောက်ရှိပြီး နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ဧည့်သည်များ၏ မေးမြန်းချက်များကို အသေးစိတ်ရှင်းလင်း ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားမမှုဆိုင်ရာ အထူးအယူခံမှု စီရင်ချက်ချမှတ်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

တရားရုံးချုပ်(ရန်ကုန်) ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်းနှင့် တရားရုံးချုပ်(ရန်ကုန်) တရားရုံးချုပ် တရားသူကြီး ဦးချစ်လွင်တို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယမန်နေ့ နံနက် ၁၀နာရီက တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ တရားမမှုဆိုင်ရာ အထူးအယူခံမှု ၁၃မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ(၇)အရ တင်သွင်းသည့် တရားမမှုဆိုင်ရာ အထူးအယူခံမှု ငါးမှုကို ကြားနာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI)တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကြိုဆိုနှုတ်ခွန်းဆက်စကား

ရှေးဦးစွာ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ဖိလစ်ပိုင်သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန(IRRI) ညွှန်ကြားရေးမှူးချုပ် Dr. Robert Zieglerက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်သန်းက ကျေးဇူးတင်စကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ထို့နောက် ဖွင့်ပွဲအခမ်းအနားအပြီး နံနက် ၁၁ နာရီခွဲက အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ နံနက်ပိုင်း သဘာပတိအဖြစ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သောင်းက ဆောင်ရွက်၍ ညနေပိုင်းသဘာပတိအဖြစ် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းက ဆောင်ရွက်သည်။

စာတမ်းဖတ်ကြား

အလုပ်ရုံဆွေးနွေးပွဲတွင် စာတမ်းရှင် ခြောက်ဦးတို့က စာတမ်းကိုးစောင်ကို ဖတ်ကြားကြကာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

(သတင်းစဉ်)

နိုင်ငံတော်က ဆည်တမံ၊ ရေထိန်းတံခါးများ စဉ်ဆက်မပြတ် တည်ဆောက်ပေးလျက်ရှိ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ၁၉၆ ခုမြောက် မဒေးရေလှောင်တမံဖွင့်လှစ် ကံမမြို့နယ်၌ လယ်မြေဧက ၄၀၀၀ စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် စိမ်းလန်းစိုပြည်လာမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)က မကွေးတိုင်း ကံမမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော မဒေးရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၅ရက် နံနက်၉နာရီတွင် အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး မဒေးရေလှောင်တမံဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (လယ်/ဆည်)

တက်ရောက်

အဆိုပါ ရေလှောင်တမံ ဖွင့်ပွဲ အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ တိုင်း၊ သရက်ခရိုင်နှင့် ကံမမြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးနိုင်သည့် ရေမြေသဘာဝရာသီဥတုနှင့် ပြည့်စုံ ကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူဦးရေ ၇၀ရာခိုင်နှုန်းကျော် နေထိုင်ကြသော ကျေးလက်ဒေသ ပြည်သူများ၏ အဓိကကျသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တည်ဆောက်ပေးလျက်ရှိ

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပေးခြင်း၊ သင့်တော်သည့် စိုက်နည်းစနစ်များ ပြောင်းလဲပေးခြင်း၊ စိုက်ပျိုးမြေများ ဖော်ထုတ်ပေးခြင်း အပြင် လုံလောက်သည့် စိုက်ပျိုးရေရရှိစေရေးအတွက် မြေအောက် ရေရရှိရေးစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ၊ ရေထိန်းတံခါး၊ ရေနုတ်မြောင်းနှင့် တာတမံစီမံကိန်းများနှင့် ရေလှောင်တမံစီမံကိန်းများကို မြေအခြေအနေ ပေးသည့် နယ်မြေများတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက် တည်ဆောက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကိုယ်တိုင် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားရေးတိုးတက်လာစေရန် အခါမလပ် လမ်းညွှန်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ကိုယ်တိုင်ကိုယ်ကျလည်း သွားရောက် စစ်ဆေး လမ်းညွှန် ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

စိမ်းလန်းစိုပြည်လာ

တည်ဆောက်ပြီးသည့် ရေရရှိရေး စီမံကိန်းတိုင်းသည် နယ်မြေ ဒေသအတွင်း၌ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးအတွက် အထောက်အကူပြုနေပြီဖြစ်ကြောင်း၊ ယနေ့ တည်ဆောက်ဖွင့်လှစ်နိုင်ပြီဖြစ်သည့် မဒေးရေလှောင်တမံသည်လည်း ကံမမြို့နယ်အတွင်း၌ရှိသော တောင်သူများ စိုက်ပျိုးထုတ်လုပ်နေသည့် လယ်မြေဧက ၄၀၀၀ကို စိုက်ပျိုးရေ ပေးဝေနိုင်တော့မည့်အပြင် ခြောက်သွေ့သောပတ်ဝန်းကျင် သဘာဝအနေအထားကို စိမ်းလန်းစိုပြည်လာစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်းလုံး ဆည်မြောင်းတာတမံစီမံကိန်းများ၊ ရေထိန်းတံခါး စီမံကိန်းများကို ကိုယ်ပိုင်စွမ်းအားဖြင့် စဉ်ဆက်မပြတ် တည်ဆောက်ပေးလျက်ရှိကြောင်း၊ မဒေးရေလှောင်တမံစီမံကိန်းသည်တပ်မတော်အစိုးရ တာဝန်ယူထားသည့် ကာလအတွင်း ၁၉၆ခုမြောက် စီမံကိန်းအဖြစ် အကောင် အထည်ဖော်နိုင်ပြီ ဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း ယခုအချိန်အထိ တည်ဆောက်ပြီးသည့် ရေလှောင်တမံ စီမံကိန်း ၃၆၈ခုနှင့် မြစ်ရေတင် စီမံကိန်း ၃၀၅ခုမှ ရေသွင်းစိုက်ဧက ၇ဒသမ၃သန်းကျော်အထိ အကျိုးပြုနေပြီဖြစ်ကြောင်း၊ ရေသွင်းစိုက်ပျိုးနိုင်သည့် စိုက်ဧကသည်လည်း စိုက်ပျိုးမြေ၏ ၁၈ဒသမ ၈ရာခိုင်နှုန်းအထိ တိုးတက် ဖြစ်ပေါ်လာခဲ့ပြီဖြစ်ကြောင်း။

ဝမ်းစာဖူလုံမှုထောက်ကူပြု

ဤဒေသ၌ ယခင်က မိုးစပါးနှင့် ပဲတီစိမ်းကို ပထမ တစ်သီးအဖြစ် အဓိကစိုက်ကြပြီး ဒုတိယသီးနှံအဖြစ် စပါးဧက ၁၅၀ စိုက်ပျိုးမှုရှိကြောင်း၊ သီးနှံစိုက်စွမ်းအားအနေဖြင့် ၁၀၄ ရာခိုင်နှုန်းသာရှိကြောင်း၊ ယခု ဤရေလှောင်တမံ ရေပေးနိုင်မှုအရ ဧက ၄၀၀၀ ၌ မိုးစပါး၊ မိုးနှမ်းနှင့် ပဲတီစိမ်းကို ပထမ တစ်သီး စိုက်ပျိုးနိုင်သည့်အပြင် နွေစပါးနှင့် ပဲမျိုးစုံကို ဒုတိယတစ်သီးအဖြစ် သီးနှံပုံစံချ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ထိုအပြင် တတိယသီးနှံအဖြစ် နွေစပါးကို ဧက ၇၀၀ ထပ်မံစိုက်ပျိုးနိုင်မည်ဖြစ်၍ စုစုပေါင်း သီးနှံစိုက်ဧက ၈၇၀၀ အထိ ရရှိလာမည်ဖြစ်ကြောင်း၊ သီးနှံစိုက် စွမ်းအားအနေဖြင့်လည်း ၂၁၈ ရာခိုင်နှုန်းထိ တိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သီးနှံစိုက်ပျိုးမှု တိုးတက်လာခြင်းသည် တောင်သူလယ်သမားကြီးများ ဝင်ငွေတိုးတက်လာစေမည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မကွေးတိုင်း၏ ဝမ်းစာဖူလုံမှုကို အထောက်အကူရရှိစေမည်ဖြစ်ကြောင်း။

စနစ်တကျသုံးစွဲ

ဤရေလှောင်တမံကို ကျပ် သန်းပေါင်း ၇၀၀၀ ခန့် အကုန်အကျခံပြီး ဒေသခံပြည်သူများ၏ အကျိုးအတွက် တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ သားစဉ်မြေးဆက် အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရန်နှင့် အဖိုးတန်သည့် ရေကိုလည်း အကျိုးရှိအောင်၊ လေလွင့်မှု နည်းပါးအောင် စနစ်တကျ သုံးစွဲကြရန် မှာကြားလိုကြောင်း၊ ရေလှောင်တမံ ရေဝင်ကောင်းစေရန် ရေဝေရေလဲက ရှိပြီးဖြစ်သော သစ်တောသစ်ပင်များ မပြုန်းတီးရေးနှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက်ကိုလည်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ရလဒ်ကောင်းတစ်ခု

ဆက်လက်၍မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ယနေ့ ဖွင့်လှစ်လိုက်သည့် မဒေးရေလှောင်တမံသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မကွေးတိုင်းအတွက် သီးနှံပိုမိုထုတ်လုပ်နိုင်ရန် နိုင်ငံတော်အစိုးရ၏ ပြည်သူများအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးခဲ့သည့် မွန်မြတ်သော ရလဒ်ကောင်းတစ်ခု ဖြစ်ကြောင်း၊ မကွေးတိုင်း ကံမမြို့နယ်အတွက် ပထမဆုံး ဖွင့်လှစ်သည့် ရေလှောင်တမံ ဖြစ်ကြောင်း၊ တည်ဆောက်ဆဲကာလမှာပင် ပုသိမ်-မုံရွာကားလမ်းဘေးရှိ နွေစပါး ဧက ၂၀၀ ကျော်ကို တမံမှ တိုက်ရိုက် ဆည်ရေပေး၍ စိုက်ပျိုးပြီးဖြစ်ကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မကွေးတိုင်းအတွင်း ဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်၊ ကန်၊ တမံငယ် ၇၁ခုကို စီမံချက်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆည်၊ ကန်၊ တမံငယ်များ၏ ရလဒ်သည် ဒေသခံ တောင်သူလယ်သမားများအတွက် သားစဉ်မြေးဆက် တန်ဖိုးမဖြတ်နိုင်သည့် စီးပွားရေးအထောက်အကူပြု အမွေအနှစ်ဖြစ်၍ ရေလှောင်တမံများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြပြီး ရေလှောင်တမံ၏ ရေဝေရေလဲ ဒေသ စိမ်းလန်းစိုပြည်အောင်၊ ရေပေးမြောင်းစနစ်များ မပျက်စီးအောင် ဆည်မြောင်းတာတမံစည်းကမ်းများနှင့်အညီ ပြည်သူများမှ တာဝန်သိသိ ညီညီညွတ်ညွတ် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြပါဟု ပြောကြားသည်။

ရင်းရင်းနှီးနှီး

ထို့နောက် ဒေသခံပြည်သူများကိုယ်စား မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ်မှ ဦးတင်ဦးက မဒေးရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းကို ထည့်သွင်းပြောကြားသွားသည်။

ယင်းနောက် ဝန်ကြီးနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် မင်္ဂလာအချိန်တွင် မဒေးရေလှောင်တမံဖွင့်ပွဲ အထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်ကို ဝန်ကြီးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဥက္ကဋ္ဌနှင့်အတူ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့သည် မဒေးရေလှောင်တမံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး အခမ်းအနား တက်ရောက်လာကြသူများ၊ တည်ဆောက်ခဲ့ကြသည့် အင်ဂျင်နီယာများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဝန်ကြီးနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့သည် မဒေးရေလှောင်တမံစီမံကိန်း၏ ပင်မတမံ၊ ရေထုတ်ပြွန်နှင့် ရေပိုလွှဲတည်ဆောက်မှုများကိုလည်းကောင်း၊ ရေထုတ်ပြွန်၊ ရေပေးမြောင်းမှ ရေပေးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး တက်ရောက်လာကြသော ပြည်သူများအား ထပ်မံတွေ့ဆုံနှုတ်ဆက်ကြသည်။

မဒေးရေလှောင်တမံသည် မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ် ကြို့ပင်ရွာအနီး၌ တည်ရှိပြီး ရေဆင်းဧရိယာ ၇၆ စတုရန်းမိုင်ရှိသည့် မဒေးချောင်းပေါ်တွင် တည်ဆောက်ထားကာ မြေသားတမံအမြင့် ၁၅၅ပေ၊ တမံအလျား ပေ ၁၈၂၀၊ ကုန်းကြော တမံအလျား ပေ ၁၂၀၀ ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စဉ့်ကိုင်မြို့ အမှတ်(၂)လမ်း ကျောက်ချောခင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁၉ရက်က စဉ့်ကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြငွေနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ခရိုင်ချင်းဆက်လမ်းဖြစ်သော အမှတ်(၂)လမ်း ကျောက်ချောခင်းခြင်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၂၈-၂-၂၀၀၇ရက်(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၅ ၈။ နတ်သားတောရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာအထူးပြု) [ဥပဒေပညာ]
- ၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၅ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၁၅ ၇။ **"အရေးကြီးလို့ပါ"** ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၁၇:၂၀ ၈။ သီချင်းကြီးပဒေသာ
- ၁၇:၃၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၇:၄၀ ၁၀။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၃၅ ၁၃။ သုတစုံလင်ရွှေညဏ်ရှင်
- ၁၉:၀၅ ၁၄။ Discovery
- ၁၉:၁၀ ၁၅။ **"မင်းမသိသေးပါဘူးကွာ"** ဧရာ၊ ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၁၉:၁၅ ၁၆။ ရှုဖွယ်စုံညီမြန်မာပြည် (အပိုင်း-၃)
- ၁၉:၂၅ ၁၇။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
- ၁၉:၃၅ ၁၈။ (၁၀)ကြိမ်မြောက် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် ဆွေးနွေးခန်း
- ၁၉:၄၅ ၁၉။ တွေ့ဆုံဆွေးနွေးရေး-တွေ့ဆုံဆွေးနွေးရေးဟုဆိုကာ (အပိုင်း-၇)
- ၂၀:၀၀ ၂၀။ ပြည်တွင်းသတင်း
- ၂၁။ နိုင်ငံတကာသတင်းများ
- ၂၂။ မိုးလေဝသအခြေအနေ
- ၂၃။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
- ၂၄။ မြန်မာရုပ်ရှင် **"ကျွန်တော်ကခန့်ချော"** ကျော်ဟိန်း၊ ခင်သီတာထွန်း (ဒါရိုက်တာ-ဇမ္ဗူထွန်း မြတ်ထွန်းနိုင်)

အခြေခံနှင့်အဆင့်မြင့် ပန်းအလှပြင်သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ အခြေခံပန်းအလှပြုပြင်မှု သင်တန်းအမှတ်စဉ်(၂/၂၀၀၇)ကို မတ် ၅ရက်မှ ၁၃ရက်အထိ မွန်းလွဲ၂နာရီမှ ညနေ ၄နာရီအတွင်း၌လည်းကောင်း၊ အဆင့်မြင့်ပန်းအလှပြုပြင်မှု သင်တန်းအမှတ်စဉ်(၁/၂၀၀၇)ကို အခြေခံသင်တန်းဆင်းပြီးသူများဖြင့် မတ် ၁၅ရက်မှ ၂၆ရက်အထိ နေ့စဉ်မွန်းလွဲ၁နာရီမှညနေ ၄နာရီအတွင်း၌လည်းကောင်း သင်တန်းသား သင်တန်းသူ ၅၀ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန်စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့်အစိုးရဝန်ထမ်းများအတွက် အခြေခံသင်တန်းတွင် ကျပ်၄၀၀၀၊ အဆင့်မြင့်သင်တန်းတွင် ကျပ်၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် အခြေခံသင်တန်းတွင် ကျပ်၅၀၀၀၊ အဆင့်မြင့်သင်တန်းတွင် ကျပ်၈၀၀၀ သတ်မှတ်ထားရာ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး တယ်လီဖုန်းအမှတ်-၃၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ **(၁၀၈)**

လယ်ဧက ၄၀၀၀ အတွက် ရေပေးနိုင်မည့် မဒေးတမံကြောင့် မိုးရေကိုအားကိုးပြီး မိုးစပါးသာစိုက်ခဲ့ရာမှ နွေစပါးပါစိုက်နိုင်ပြီ နွေ၊မိုး၊ဆောင်းသုံးသီးစိုက်နိုင်ပြီး ဝင်ငွေတိုး၍ နိုင်ငံတော်ကိုကျေးဇူးတင်

သီးနှံများအောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ဒေသဖွံ့ဖြိုးလာမည်

ကွင်းဆင်းလေ့လာမေးမြန်းရေးသားသူ-ကျော်စိန်
ဓာတ်ပုံမှတ်တမ်းတင်-အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံတွင် မြေပေါ်မြေအောက်သယံဇာတပစ္စည်းများ ပေါများလျက်ရှိသည့်အလျောက် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ သက်ဆိုင်ရာဌာနအသီးသီးတို့သည် ပေါများကြွယ်ဝသော သယံဇာတပစ္စည်းများကို အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဖော်ထုတ်လျက်ရှိသည်။

တည်ဆောက်ပေးလျက်ရှိ

ယင်းသို့ ဖော်ထုတ်လျက်ရှိရာတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန အနေဖြင့် စိုက်ပျိုးရေးအတွက် အလိုအပ်ဆုံးဖြစ်သော ရေသယံဇာတများကို အလဟဿမဖြစ်စေဘဲ သိုလှောင်ထိန်းသိမ်းနိုင်ရန် ရေလှောင်တမံများ တည်ဆောက်ပေးလျက်ရှိသည်။

မဒေးရေလှောင်တမံ

ထိုသို့ ဆောင်ရွက်လျက်ရှိသည့်အလျောက် နိုင်ငံတော်၏အဓိက စီးပွားရေးတိုးတက်ရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးကဏ္ဍ တိုးတက်နိုင်ရန် စီမံချက်များချမှတ် ဆောင်ရွက်လျက်ရှိရာတွင် မကွေးတိုင်း ကံမမြို့နယ်အတွင်းရှိ မဒေးရေလှောင်တမံစီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

အခုလို ဆည်ဆောက်ပေးတာ မကြုံဖူးတာ ကြုံရတာပါ။ တစ်ခါမှ နွေစပါး မစိုက်ဖူးသေးတော့ အခု ဝမ်းသာရပါတယ်။
ဒေါ်အေးအေးသင်း
(စည်ကျေးရွာ–တောင်သူ)
ဓာတ်ပုံ–အောင်သန်း
(မင်္ဂလာတောင်ညွန့်)

လယ်မြေဧက၄၀၀၀ရေပေးနိုင်

မဒေးရေလှောင်တမံစီမံကိန်းမှာ မကွေးတိုင်း ကံမမြို့နယ် ပုသိမ်–မုံရွာ ကားလမ်းမကြီး၏ အနောက်ဘက် သုံးမိုင်ခွဲခန့်အကွာ ကြို့ပင်ရွာအနီးရှိ မဒေးချောင်းပေါ်၌ ရေလှောင်တမံတည်ဆောက်ပြီး ဆည်ရေဧကပေ ၅၄၀၀၀သိုလှောင်ပြီး ကံမမြို့နယ်အတွင်းရှိ မြေဧက၄၀၀၀ကို ရေသွင်းစိုက်ပျိုးရန်စီစဉ်ခဲ့သည်။

အကျိုးပြုဆည်ရေ

မဒေးရေလှောင်တမံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)ပြည်မြို့က တာဝန်ယူ၍ ၂၀၀၃–၂၀၀၄ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ မဒေးရေလှောင်တမံစီမံကိန်းမှာ တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ လယ်မြေ ဧက ၄၀၀၀သို့ အကျိုးပြုဆည်ရေများ ပေးဝေနိုင်ပြီဖြစ်သည်။

မဒေးရေလှောင်တမံမှာ ရေဆင်းဧရိယာ ၇၆ စတုရန်းမိုင်ရှိ၍ နှစ်စဉ်စီးဝင်ရေပျမ်းမျှဧကပေ ၉၁၁၀၀ ရှိသည်။ မဒေးရေလှောင်တမံသည် အမြင့်၁၅၅ပေရှိ၍ ပင်မတမံအလျားမှာ ပေ၁၉၂၀နှင့် ကုန်းကြောတမံပေ၁၂၀၀ ရှိသည်။ မဒေးရေလှောင်တမံ၌ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၅၄၀၀၀၊ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၁၀၀၀၀၊ ကန်ရေပြည့်ရေပြင်အကျယ် ဧရိယာ၁ဧက၉၆၀ အသီးသီးရှိသည်။

သံကူကွန်ကရစ်ရေထုတ်ပြွန်

ရေထုတ်ပေးမည့် ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ် ဖြစ်ပြီး အကျယ်၄ပေ၊ အမြင့်၆ပေတစ်ပေါက်နှင့် အချင်း၂၄လက်မရှိသည်။ ရေထုတ်ပြွန်၏အလျားမှာ၄၆၈ပေရှိ၍ ရေထုတ်ပြွန်မှ ရေထုစီးနှုန်း ကုဗပေ ၁၅၀ စက္ကန့်နှုန်းဖြစ်သည်။

ရေလွှဲပေးမည်

သတ်မှတ်ထားသောရေလှောင်ဧကေထက် ပိုလာသောရေများကို ဘဲနှုတ်သီးပုံ ရေပိုလွှဲ၊ အကျယ်ပေ၂၀၀ မှ ရေထုစီးနှုန်းကုဗပေ၃၆၅၈၀စက္ကန့်နှုန်းဖြင့် လွှဲပေးမည်ဖြစ်သည်။

မဒေးရေလှောင်တမံအတွင်းရှိ ရေများကို ဧရိယာဧက၄၀၀၀သို့ ၁၀မိုင်အလျားမှတစ်ဆင့် တူးမြောင်းခွဲ အလျား ၄၇ဒသမ ၈ မိုင်အထိ ရေများ ဖြန့်ဖြူးပေးမည်ဖြစ်သည်။

နွေစပါးစတင်စိုက်ပျိုး

မဒေးရေလှောင်တမံတည်ဆောက်ခြင်းကို တည်ဆောက်ရေး(၂)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စန်းကြီးကြပ်၍ ဆောင်ရွက်လျက်ရှိပြီး အနီးအနားရှိ ကျေးရွာများရှိ လယ်မြေများတွင် နွေစပါးစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေများပေးလျက်ရှိသောကြောင့် လယ်ကွင်းများတွင် နွေစပါးစိုက်ပျိုးရန် ထွန်ရေးထွန်ယက်နေခြင်း၊ ပျိုးထောင်နေခြင်း၊ အချို့သောနွေစပါးလယ်ကွက်တို့တွင် နွေစပါးစတင်စိုက်ပျိုးလျက်ရှိခြင်းတို့ကို တွေ့မြင်ခဲ့ရသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးလျက်ရှိသော ကျေးရွာတောင်သူ အချို့အား တွေ့ဆုံမေးမြန်းခဲ့သည်။

ဝင်ငွေတိုးလာ

ရှေးဦးစွာ အထက်မီးပေါက်ကျေးရွာမှ မခင်သန်းဝင်းနှင့် တွေ့ဆုံမေးမြန်းပါသည်။

မေး။ မခင်သန်းဝင်း ဘာအလုပ်လုပ်ကိုင်ပါသလဲ

ဖြေ။ တောင်သူပါရှင့်

မေး။ ဘာတွေစိုက်ပါသလဲ

ဖြေ။ စပါး၁၀ဧက စိုက်ပါတယ်

မေး။ နွေစပါးလား၊ မိုးစပါးလား ဘယ်စပါးစိုက်ပါသလဲ

ဖြေ။ နွေစပါးစိုက်ပါတယ်

မေး။ နွေစပါးကို ဘယ်တုန်းက စိုက်ပါသလဲ

ဖြေ။ အရင်တုန်းက နွေစပါးမစိုက်နိုင်ပါ၊ နွေစပါးစိုက်ဖို့ ဆည်ကရေ ပေးလိုက်လို့ စိုက်နိုင်တာဖြစ်ပါတယ်၊ အခု နွေစပါးစိုက်ပြီးလို့ ရိတ်ပြီးရင် မိုးစပါးစိုက်ပါမယ်၊ စပါးအပြင် နှမ်းတို့လဲ စိုက်ပါတယ်ရှင့်၊ ပဲငါးဧက လောက်စိုက်ပါတယ်၊ နှမ်းကတော့ ၁၀ဧက စိုက်ပါတယ်။

မေး။ ကိုယ်တိုင်စိုက်တာလား၊ လူငှားရော ငှားရသေးလား

ဖြေ။ လူငှားလဲ ငှားရပါတယ်

မေး။ အခုလို နွေစပါး၊ မိုးစပါး၊ နှမ်း၊ ပဲစိုက်တော့ ဝင်ငွေ ဘယ်လောက်ရပါသလဲ

ဖြေ။ တစ်နှစ်ပတ်လုံးဆိုရင် သိန်း ၂၀ လောက်ရပါတယ်၊ အရင်တုန်းက ၁၀သိန်းလောက် ရခဲ့ပါတယ်၊ အခုတော့ သိန်း ၂၀ ရပါတယ်၊ လူငှားစရိတ်နုတ်ပြီး ၁၄သိန်း လောက်ရပါတယ်၊ အခုလိုဆည်ဆောက်ပြီး ရေပေးတဲ့အတွက် နွေရော မိုးပါ စိုက်ပျိုးနိုင်လို့ ဝင်ငွေတိုးလာ တဲ့အတွက် နိုင်ငံတော်အကြီးအကဲများကို ကျေးဇူးတင်ပါတယ်။

စာသင်ပေး

ဆက်လက်၍ အထက်မီးပေါက်ရွာမှ မသန်းသန်းအေးအား တွေ့ဆုံမေးမြန်းပါသည်။

မိုးရေကို အားကိုးပြီး မိုးစပါးပဲ စိုက်နေခဲ့ရတာ ယခုဆည်ရေရလို့ နွေစပါးပါ ထပ်စိုက်နိုင်ပါပြီ။
မသန်းသန်းအေး
(အထက်မီးပေါက်ကျေးရွာ)
ဓာတ်ပုံ–အောင်သန်း
(မင်္ဂလာတောင်ညွန့်)

မေး။ မသန်းသန်းအေးက ဘာလုပ်ပါလဲ၊

ဖြေ။ ကျွန်မ တောင်သူလုပ်ရင်းနဲ့ ကျောင်းလဲနေပါတယ်၊

မေး။ ဘယ်အတန်း ရောက်ပါပြီလဲ၊

ဖြေ။ ဘွဲ့ရပြီးပါပြီ။ ကျောင်းပြီးသွားတော့ မိဘလုပ်ငန်း တောင်ယာလုပ်ငန်း လုပ်ပါတယ်။ ပဲ၊ နှမ်း၊ မြေပဲ၊ စပါး စိုက်ပါတယ်၊ ဧက ၂၀ စိုက်ပါတယ်၊ ပဲလေးဧက၊ နှမ်း ငါးဧက စိုက်ပါတယ် ကျန်တဲ့ဧက စပါးစိုက်ပါတယ်။

ရေရရှိအောင် ဆောင်ရွက်ပေးလို့ အထူး ကျေးဇူး တင်ပါတယ်။
ဦးမြင့်ရွှေ
(စည်ကျေးရွာ–တောင်သူ)
ဓာတ်ပုံ–အောင်သန်း
(မင်္ဂလာတောင်ညွန့်)

မေး။ အရင်တုန်းက နွေရော မိုးရော စိုက်ပျိုးသလား၊

ဖြေ။ အရင်တုန်းက မိုးမှာပဲစိုက်ပါတယ်၊ စိုက်ပျိုးတာဟာရေကို အားကိုးစိုက်ရပါတယ်၊ အရင်က မိုးရေကိုအားကိုးနေရတာ အခု ဆည်ရေရတော့ နွေပါ စိုက်နိုင်ပါတယ်။

မေး။ ဘွဲ့က ဘာဘွဲ့ရပါသလဲ၊

ဖြေ။ စီးပွားရေးဘွဲ့ပါ။ ဘွဲ့ရတာကလဲ ဒေသဖွံ့ဖြိုးပြီး လမ်းပန်းဆက်သွယ်မှုကောင်းလို့ဖြစ်ပါတယ်၊ အရင်ကဆိုရင် ရွှံ့တွေ၊ ဗွက်တွေရှုန်းပြီး သွားလာကြရတော့ တော်ရုံတန်ရုံနဲ့ ပညာရေးမလိုက်စားနိုင်ပါဘူး၊ အခု ဆည်ကြီး တည်ဆောက်လို့ မပြီးသေးခင်မှာပင် စိုက်ပျိုးရေးအတွက် ရေတွေပေးတာကြောင့် စိုက်ပျိုးနိုင်ပါတယ်၊ ကျွန်မဘွဲ့ရပြီး ရွာမှာ လုပ်အားပေးဆရာမလုပ်ပြီး ရွာကိုကူညီပါတယ်၊ ကျွန်မလိုပဲ ရွာသူရွာသားတွေ စာတတ်စေချင်တဲ့စိတ်နဲ့ စာသင်ပေးပြီး လုပ်အားပေးနေပါတယ်။

နွေစပါးစိုက်နိုင်

ဆက်လက်၍ အထက်မီးပေါက်ရွာမှ ကိုထွန်းဝင်းအား တွေ့ဆုံပြီးမေးမြန်းပါသည်။

မေး။ ကိုထွန်းဝင်း အလုပ်အကိုင်က ဘာလုပ်ပါလဲ၊

ဖြေ။ တောင်ယာလုပ်ငန်း လုပ်တဲ့ တောင်သူပါ၊

မေး။ ဘယ်လိုသီးနှံ စိုက်ပါသလဲ၊

ဖြေ။ မိုးမှာမြေပဲ၊ နှမ်းစိုက်ပါတယ်၊ စပါးစိုက်ပါတယ်၊ ၁၅ ဧက စိုက်ပါတယ်၊ အခု ဆည်က ရေပေးတဲ့အတွက် နွေစပါး စပြီး စိုက်ပါတယ်၊ ဒီနှစ်မှ စစိုက်ပါတယ် ၁၀ ဧက စိုက်ပါတယ်၊ နွေရောမိုးပါစိုက်ပျိုးနိုင်တော့ ဝင်ငွေတိုးလာပါတယ်၊

မေး။ နွေစပါးစိုက်တာနဲ့ မိုးစပါး စိုက်တာ ဘယ်ဟာကို သဘောကျသလဲ၊

ဖြေ။ နွေစပါးစိုက်တာ ပိုသဘောကျပါတယ်၊ နွေစပါးက အထွက်နှုန်းတိုးတဲ့အတွက်ကြောင့် ဝင်ငွေမှာ ခြောက်သိန်းလောက် ပိုရပါတယ်၊ ရွှေမြန်မာ၊ ရွှေသက်ရင်၊ သီးထပ်ရင်တို့ စိုက်ပါတယ်။

နွေစပါး၊ မိုးစပါး၊ နှမ်း၊ ပဲ၊ သုံးသီး စိုက်နိုင်လို့ ဝင်ငွေတိုးလာတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။
မခင်သန်းဝင်း
(အထက်မီးပေါက်ကျေးရွာ)တောင်သူ
ဓာတ်ပုံ–အောင်သန်း
(မင်္ဂလာတောင်ညွန့်)

မေး။ စိုက်ပျိုးရေးအတွက် ဌာနဆိုင်ရာ တို့က ကူညီမှုပေးသလား၊

ဖြေ။ စိုက်ပျိုးရေးက လိုအပ်တဲ့ စပါးမျိုးရှာပေးပါတယ်၊ စိုက်ရေးပျိုးရေးနဲ့ပတ်သက်ပြီး လိုအပ်တဲ့ စိုက်ပျိုးနည်း ပညာပေးပါတယ်၊ လိုအပ်တဲ့ ဓာတ်မြေသြဇာလဲ ပေးပါတယ်၊ နိုင်ငံတော်က မိုးစပါးသာမက နွေစပါးစိုက်ရန် ရေပေးတဲ့အတွက် ဆည်မြောင်းဌာနကို ကျေးဇူးလဲတင်ပါတယ်၊ ဝမ်းလဲသာပါတယ်။

မိုးရေမမျှော်ရတော့

ဆက်လက်၍ စည်ကျေးရွာမှ တောင်သူ ဦးချစ်ဦးအား တွေ့ဆုံမေးမြန်းပါသည်။

မေး။ ဘာသီးနှံတွေ စိုက်ပါလဲ၊

ဖြေ။ မိုးရာသီမှာ မိုးစပါး၊ မိုးမြေပဲတို့၊ မိုးနှမ်းတို့ စိုက်ပါတယ်၊ ဆောင်းသီးနှံဖြစ်တဲ့ ကုလားပဲ၊ မတ်ပဲ၊ ပဲတီစိမ်းတို့စိုက်ပါတယ်၊

နွေစပါး တစ်ဧက တင်း ၈၀ ထွက်မှာဖြစ်လို့ ကျပ်နှစ်သိန်းလေးသောင်းလောက် ဝင်ငွေတိုးလာမှာ ဖြစ်ပါတယ်။
ဦးချစ်ဦး (ကံမမြို့နယ် စည်ကျေးရွာတောင်သူ)
ဓာတ်ပုံ–အောင်သန်း
(မင်္ဂလာတောင်ညွန့်)

အရင်တုန်းက နွေစပါး မစိုက်ခဲ့ပါဘူး၊ ဆည်ရေရရှိလို့ နွေစပါး စိုက်ပျိုးတာပါ၊ အရင်က မိုးစပါးစိုက်ပြီး ဝမ်းစာ စားရပါတယ်၊ အခုတော့ နွေစပါးကို စိုက်ရတော့ ဝမ်းစာအပြင် ရောင်းချနိုင်ပါတယ်၊ ပေးတဲ့ရေနှင့် လုံလောက်ပါတယ်၊ အရင်က မိုးစပါးစိုက်တာ တစ်ဧက တင်း ၈၀ ထွက်ပါတယ်၊ အခုဆိုရင် နွေစပါးတစ်ဧက တင်း ၈၀ ထွက်မှာ ဖြစ်လို့ ဒေသပေါက်ဈေးက ကျပ် ၃၀၀၀ လောက်ရှိပါတယ်၊ နှစ်သိန်းလေးသောင်းလောက် အခုဆိုရင်ဝင်ငွေတိုးလာမှာ ဖြစ်ပါတယ်၊ အရင်ကဆိုရင် မိုးတွင်းမှာ မိုးကို လာစောင့်မျှော်နေရတဲ့ အတွက်ကြောင့် သီးနှံတွေဖြစ်ထွန်းမှု အားနည်းပါတယ်၊ အခုဆိုရင် အချိန်မရွေး ရေရရှိနိုင်တဲ့အတွက်ကြောင့် သီးနှံအထွက်တိုးပါတယ်၊ မိုးရေမမျှော်ရတော့တဲ့အတွက်ကြောင့် တောင်သူအနေနှင့် အထူးပဲ ဝမ်းသာပါတယ်၊ ကျေးဇူးလဲအများကြီး တင်ပါတယ်။

ဆက်လက်၍ စည်ရွာမှတောင်သူ ဦးမြင့်ရွှေအား တွေ့ဆုံမေးမြန်းပါသည်။

မေး။ ဦးမြင့်ရွှေ ဘာလုပ်ကိုင်ပါသလဲ။

ဖြေ။ တောင်သူဖြစ်ပါတယ်၊ စပါး၊ ပဲ စိုက်ပါတယ်၊ လယ်က သုံးဧက ရှိပါတယ်၊ ပဲက နှစ်ဧက စိုက်ပါတယ်။

မေး။ နွေစပါးစိုက်ပါသလား။

ဖြေ။ ရေရတဲ့အတွက် နွေစပါး သုံးဧကစိုက်ပါတယ်၊ အရင်က ရေမရှိလို့ နွေစပါးမစိုက်နိုင်ပါ၊ အခု ရေရလို့ နွေစပါးစိုက်နိုင်ပါတယ်၊ နွေစပါး စိုက်နိုင်တဲ့အတွက် ဝင်ငွေပိုလာပါတယ်၊ စိုက်ပျိုးနိုင်အောင် မျိုးစပါးလဲ ပေးပါတယ်၊ နွေစပါး ရွှေသွယ်ယဉ်စိုက်ပါတယ်၊ ရေရရှိအောင် ဆောင်ရွက်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

မကြုံဖူးတာကြုံရ

ၮင်းနောက် စည်ကျေးရွာမှ တောင်သူမအေးအေးသင်းအား တွေ့ဆုံမေးမြန်းပါသည်။

မေး။ တောင်သူဆိုတော့ ဘာတွေစိုက်ပါသလဲ။

ဖြေ။ စပါးစိုက်ပါတယ်၊ မြေပဲ၊ ကုလားပဲ၊ မတ်ပဲလဲစိုက်ပါတယ်၊ စပါးက လေးဧက၊ နှမ်းက သုံးဧကရှိတယ်၊ နွေစပါး နှစ်ဧက စိုက်ပါတယ်၊ နေရာက ရေမမီတဲ့ တောင်ကုန်းပေါ်ဖြစ်လို့ စိုက်ဧက နည်းတာပါ၊ နွေစပါးစိုက်ရန် စိတ်ဝင်စားပါတယ်၊ နွေစပါးက အခုမှ စိုက်ရတာဖြစ်ပါတယ်၊ နွေစပါးစိုက်ရလို့ ပျော်နေပါတယ်၊ ဝင်ငွေတွေ တိုးလာမှာဖြစ်ပါတယ်၊ အခုလို ဆည်ဆောက်ပေးတာဟာ မကြုံဖူးတာ ကြုံရတာပေါ့၊ ဒီမှာ တစ်ခါမှ နွေစပါး မစိုက်ဖူးတော့ ဝမ်းသာပါ တယ်ဟု ပြောပြသည်။

မဒေး ရေလှောင်တမံ စီမံကိန်း တည်ဆောက်ဖွင့်လှစ်ခြင်းဖြင့် စိုက်ပျိုးမြေ ဧရိယာဧက ၄၀၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်ပြီး စိုက်ပျိုး သီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုမည့် စီမံကိန်းဖြစ်ပါကြောင်း ကွင်းဆင်းမေးမြန်းလေ့လာ တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မကွေးတိုင်း ကံမမြို့နယ် မဒေးချောင်းပေါ်တွင် တည်ရှိသော လယ်မြေဧက ၄၀၀၀ ရေသွင်းစိုက်ပျိုးနိုင်မည့် မဒေးရေလှောင်တမံကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ–အောင်သန်း
(မင်္ဂလာတောင်ညွန့်)

အစားအသောက် သန့်ရှင်းမှ ရောဂါဘယ ကင်းရှင်းကြ

ဒေါက်တာမြင့်မြင့် (အစာ/ ဆေးဝါး)
(အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန)

ကမ္ဘာတစ်ဝန်းမှာ ထောင်ပေါင်းများစွာသော လူတွေဟာ နေ့စဉ် သူတို့စားသုံးမိတဲ့ အစားအသောက်တွေကတစ်ဆင့် ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ကာလဝမ်းရောဂါ၊ တိုက်ဖွိုက်ရောဂါ၊ အသည်းရောင်အသားဝါ(အေ)ရောဂါ၊ အစာအဆိပ်သင့်ရောဂါတွေ ဖြစ်ပွားလျက်ရှိပါတယ်။ ဒီရောဂါတွေ ဖြစ်ကြတာကလည်း အစားအသောက်ထဲမှာ ပါလာတဲ့ ဘက်တီးရီးယား၊ ဗိုင်းရပ်(စ်)၊ မှိုနဲ့ ကပ်ပါးပိုးစတဲ့ ရောဂါပိုးတွေကြောင့် ဖြစ်ပါတယ်။ ဒီပိုးမွှားလေးတွေက သာမန်မျက်စိနဲ့ မမြင်နိုင်ပါဘူး။ နေရာအနှံ့မှာ ရေထဲမှာ၊ လေထဲမှာ၊ လက်ပေါ်မှာ၊ လူတွေရဲ့ ကိုယ်ခန္ဓာပေါ်မှာ ရှိနေတာပါ။

ရောဂါပိုးတွေဟာ သူတို့ကြိုက်တဲ့ အစာအာဟာရနဲ့ အပူချိန်သာ ရရှိမယ်ဆိုရင် ၁၅မိနစ်ခန့်မှာ တစ်ကောင်ကနေ နှစ်ကောင်ဆိုပြီး နှစ်ဆပွားလာလိုက်တာ ၆နာရီလောက်ကြာတဲ့အခါ အကောင်ရေ တစ်သန်းကျော်ပွားသွားနိုင်ပါတယ်။ ဒီရောဂါပိုးတွေရှိနေတဲ့ အစားအသောက်ကို စားမိမယ်ဆိုရင်တော့ ရောဂါတွေဖြစ်လာတော့တာပါပဲ။ ရောဂါပိုးတွေကလည်း အခန်းတွင်း အပူချိန်လို ခပ်နွေးနွေးဆိုရင် ပိုပွားလာပြီးတော့ အပူချိန်များရင် သေပါတယ်။ ရေခဲသေတ္တာထဲမှာ ထားရင်တော့ ပေါက်ပွားနှုန်း ရပ်တန့်သွားပါတယ်။

အစားအသောက်တစ်ခုကို ကြော်မယ်၊ ပွက်ပွက်ဆူအောင် ချက်မယ်ဆိုရင်တော့ ရှိနေတဲ့ရောဂါပိုးတွေ သေသွားပါတယ်။ဒါပေမယ့် မသန့်ရှင်းတဲ့ ပန်းကန်တို့၊ ဇွန်းတို့ကိုသုံးမယ်၊ မသန့်တဲ့လက်နဲ့နှိုက်စားမယ်ဆိုရင် ပန်းကန်နဲ့ လက်မှာရှိတဲ့ ရောဂါပိုးတွေပါ ဗိုက်ထဲကို ဝင်သွားနိုင်ပါတယ်။ ဇွန်းနဲ့ခပ်မြည်းပြီး ဇွန်းကို အိုးထဲပြန်ထည့်ရင် ပါးစပ်ထဲက ရောဂါပိုးတွေ အစားအသောက်ထဲ ဝင်သွားနိုင်ပါတယ်။ ဟင်းအိုး၊ အစားအသောက် ပန်းကန်စတာတွေကို အခန်းတွင်းအပူချိန်မှာ ဒီအတိုင်း မဖုံးအုပ်ဘဲထားလို့ ယင်ကောင်နားသွားရင် ယင်ကောင်မှာ ကပ်ပါလာတဲ့ ရောဂါပိုးတွေ ဝင်သွားပြီး အချိန်ကြာလာတာနဲ့အမျှ ရောဂါပိုးတွေ အများကြီးပွားလာပါတယ်။

တချို့ရောဂါပိုးတွေက Toxinဆိုတဲ့ အဆိပ်တွေ ထုတ်နိုင်ပါတယ်။ ရောဂါပိုးတွေနဲ့ အဆိပ်တွေ ရှိနေပေမယ့်လည်း အစားအသောက်ရဲ့ အရောင်နဲ့အနံ့က မပြောင်းလဲပါဘူး။ ဒီအစားအသောက်ကို စားမိတဲ့သူမှာ အစာအဆိပ်ဖြစ်တဲ့ ရောဂါရဲ့ လက္ခဏာတွေဖြစ်တဲ့ ဝမ်းလျှောတာ၊ အန်တာတွေ ဖြစ်လာနိုင်ပါတယ်။ ရောဂါဖြစ်တယ် ဆိုတာကလည်း စားသုံးသူရဲ့ ကိုယ်ခံအား၊ ကိုယ်ခန္ဓာထဲကို ဝင်သွားတဲ့ ရောဂါပိုးအနည်းအများ စားလိုက်တဲ့ အစားအသောက် ပမာဏနဲ့ ရောဂါပိုး အမျိုးအစားပေါ်မှာ မူတည်ပါတယ်။

ရောဂါပိုးတွေဟာ သူတို့ကြိုက်တဲ့ အစာအာဟာရနဲ့ အပူချိန်သာရရှိမယ်ဆိုရင် ၁၅မိနစ်ခန့်မှာ တစ်ကောင်ကနေ နှစ်ကောင်ဆိုပြီး နှစ်ဆပွားလာလိုက်တာ ၆နာရီလောက်ကြာတဲ့အခါ အကောင်ရေ တစ်သန်းကျော်ပွားသွားနိုင်။ ဒီရောဂါပိုးတွေရှိနေတဲ့ အစားအသောက်ကို စားမိမယ်ဆိုရင်တော့ ရောဂါတွေဖြစ်လာတော့တာပါပဲ။

ကလေးငယ်တွေ၊ အသက်ကြီးတဲ့သူတွေနဲ့ ကိုယ်ဝန်ဆောင်တွေ၊ တီဘီရောဂါ၊ ကင်ဆာရောဂါလို ရောဂါများအတွက် ဆေးအကြာကြီး သောက်နေရသူတွေဟာ ကိုယ်ခံအားနည်းနေတဲ့အတွက် ရောဂါပိုးနည်းနည်း ဝင်လည်း ရောဂါရနိုင်ပါတယ်။ စားလိုက်တဲ့ အစားအသောက် ပမာဏ များသွားရင်လည်း ရောဂါပိုးများများဝင်သွားတော့ ရောဂါရနိုင်ပါတယ်။ တချို့ ရောဂါပိုးတွေက အစားအသောက် တစ်ဂရမ်မှာ လေးကောင်လောက် ပါတာနဲ့ ရောဂါရစေနိုင်သလို တချို့ကတော့ ၁၀၀ ပါမှ၊ ၁၀၀၀ ပါမှ၊ တချို့က ၁၀၀၀၀လောက်ပါမှ ရောဂါရစေနိုင်ပါတယ်။ ကျန်းမာနေတဲ့ ကိုယ်ခံအား ကောင်းနေတဲ့ လူလတ်ပိုင်းတွေကတော့ ရောဂါမဖြစ်လွယ်ဘူးလို့ ပြောလို့ရပေမယ့် ရောဂါပိုးများများ ဝင်သွားရင် ရောဂါဖြစ်နိုင်ပါတယ်။

ရောဂါပိုးတွေဟာ နေရာတိုင်းမှာ ရှိနေနိုင်တာမို့ ကျွန်မတို့ရဲ့ လက်မှာရှိနေတဲ့ ရောဂါပိုးကို သိဖို့အတွက် ဓာတ်ခွဲခန်းထဲမှာ စစ်ဆေးတဲ့အခါ ပိုးမွေးစာလို့ခေါ်တဲ့ ရောဂါပိုးမွေးရတဲ့ Media ပေါ်ကို လက်မဆေးဘဲ လက်ဗွေနှိပ်သလို ထိပြီး ၃၇ဒီဂရီစင်တီဂရိတ် အပူပေးထားတဲ့ Incubator ခေါ်တဲ့ စက်ထဲထည့်ထားရင် နောက်တစ်ရက်မှာ ရောဂါပိုးတွေ အများကြီးပေါက်နေတာကို တွေ့ရပါတယ်။ လက်ဆေးပြီးမှ ဒီလို ပိုးမွေးရင် နည်းနည်းပဲ ပေါက်တာကို တွေ့ရပါတယ်။

ဒါကြောင့်လည်း အစာမစားခင် လက်ကိုဆပ်ပြာနဲ့ စင်ကြယ်အောင် ဆေးပြီးမှ စားရမယ်လို့ ပြောနေကြရခြင်း ဖြစ်ပါတယ်။ အိမ်သာက ပြန်လာရင်လည်း လက်ကိုဆပ်ပြာနဲ့ စင်ကြယ်အောင်ဆေးဖို့ အရေးကြီးပါတယ်။ ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ကာလဝမ်းရောဂါ၊ တိုက်ဖွိုက်ရောဂါနဲ့ အသည်းရောင်အသားဝါ(အေ)ရောဂါပိုးတွေက အူလမ်းကြောင်းကတစ်ဆင့် မစင်အညစ်အကြေးထဲမှာ ပါလာနိုင်တာမို့ ယင်ကောင်က အညစ်အကြေးကိုအုံပြီး အစားအသောက်ကို လာနားရင် ရောဂါပိုးတွေက အစားအသောက်ထဲ ရောက်ကုန်နိုင်ပါတယ်။ ဒါကြောင့် အစားအသောက်ကို ယင်ကောင်၊ ပိုးဟပ်တို့အန္တရာယ်က ကင်းဝေးအောင် ဖုံးအုပ်ထားရပါမယ်။

ဈေးတွေထဲက မုန့်ဟင်းခါးနဲ့ အသုပ်တွေကိုဝယ်ပြီး ဓာတ်ခွဲခန်းမှာ ရောဂါပိုးတွေ ရှာကြည့်လိုက်တဲ့အခါမှာ မုန့်ဟင်းခါးမှာ ရောဂါပိုးနည်းနည်းပဲတွေ့ရပြီး အသုပ်မှာတော့ ဝမ်းလျှောနိုင်တဲ့ ရောဂါပိုးတွေအများကြီး တွေ့ရပါတယ်။ မုန့်ဟင်းခါးဖတ်ကို လက်နဲ့ကိုင်တဲ့အခါ ရောဂါပိုးတွေ ပါသွားပေမယ့် ဟင်းရည်က ပွက်ပွက်ဆူနေတော့ ရောဂါပိုးက သေသွားပါတယ်။ ဟင်းရည် အေးနေရင်တော့ မကောင်းပါဘူး။ ဈေးသည်တွေကို တစ်ခါသုံး လက်အိတ်သုံးပါလို့ ပြောတော့ လက်အိတ်ကိုစွပ်ပြီး ပိုက်ဆံကိုင်လိုက်၊ လက်သုတ်ပဝါကိုင်ပြီး စားပွဲသုတ်လိုက်၊ မုန့်ဖတ်ကိုင်လိုက်နဲ့ ဆိုတော့ ပိုဆိုးပါတယ်။

မုန့်ဖတ်ကို ညှပ်နဲ့ ကိုင်ပြီး အသုပ်နယ်တဲ့အခါ တစ်ခါသုံးလက်အိတ်ကိုသုံးရပါမယ်။ အသုပ်နယ်ပြီးရင် လက်အိတ်ကို လွှင့်ပစ်ရုံပါပဲ။ အသုပ်ထဲမှာ ထည့်တဲ့အာလူး၊ ခေါက်ဆွဲ၊ တို့ဟူးဆိုတွေက ပြုတ်ထားပေမယ့် ဒီအတိုင်း အကြာကြီးထားပြီး ပူအောင်ပြန်မလုပ်တော့ဘဲ လက်နဲ့နယ်တာဖြစ်လို့ ဝမ်းလျှောနိုင်တဲ့ ရောဂါပိုးတွေ တွေ့ရတာပါ။ (ဈေးသည်ကို မနယ်ခိုင်းဘဲ ဇွန်းနဲ့ ကိုယ့်ဘာသာ သုပ်စားရင် ပိုကောင်းပါတယ်)ဈေးသည်ရဲ့ လက်က ပိုက်ဆံကိုင်လိုက်၊ လက်သုတ်ပဝါကိုင်လိုက်နဲ့ ညစ်ပတ်နေမှာပါ။ ပိုက်ဆံကလည်း လူပေါင်းစုံ ကိုင်ထားတာဆိုတော့ ရောဂါပိုးတွေ အများကြီး ရှိနေပါတယ်။ ဆေးကြောရာမှာ အသုံးပြုတဲ့ရေကလည်း သန့်ရှင်းဖို့လိုပါတယ်။ ဥပမာဆိုရင် နံနံပင်မှာ မြေကြီးထဲက ပိုးမွှားတွေပါနေနိုင်တော့ သန့်ရှင်းတဲ့ ရေများများနဲ့ ဆေးမှပဲ ပိုးမွှားကင်းစင်မှာ ဖြစ်ပါတယ်။

အစားအသောက်များကို သန့်သန့်ရှင်းရှင်း ကိုင်တွယ်ထားသိုခြင်းဖြင့် အစားအသောက်မှတစ်ဆင့် ရနိုင်တဲ့ရောဂါများကို ကာကွယ်နိုင်ပါတယ်။ ဒါကြောင့် ဘေးအန္တရာယ် ကင်းရှင်းသော အစားအသောက်ရရှိရန် ကိုယ်တိုင်ချက်ပြုတ်စားသုံးတဲ့သူများမှာသာမကပဲ အစားအစာထုတ်လုပ်တဲ့ စက်ရုံတွေနဲ့ ထုတ်လုပ်သူတွေမှာပါ တာဝန်ရှိပါတယ်။ အိမ်မှာ ဒါမှမဟုတ် စားသောက်ဆိုင်မှာ၊ အစားအသောက်ကို ပြင်ဆင်တဲ့နေရာမှာ အန္တရာယ်ကင်းစွာပြင်ဆင်ဖို့ အရေးကြီးတဲ့အတွက် အစားအသောက် ကိုင်တွယ်ချက်ပြုတ်သူတွေဟာ ကျန်းမာရေး အသိပညာရှိဖို့ လိုပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးက ကျန်းမာရေးအသိရှိရှိနဲ့ လိုက်နာကျင့်သုံးကြမယ်၊ အခြားသူတွေကိုလဲ အသိပညာတွေရှိနေအောင်နဲ့ လိုက်နာဆောင်ရွက်အောင် ဝိုင်းဝန်းလုပ်ဆောင်ကြမယ်ဆိုရင် အစားအသောက်ကတစ်ဆင့် ရနိုင်တဲ့ ရောဂါတွေ လျော့နည်းသွားမှာ ဖြစ်ပါတယ်။

၁၉၉၆ခုနှစ် Visit Myanmar Yearကစပြီး ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာနက မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနများနဲ့ ပူးပေါင်းပြီး စားသောက်ဆိုင် မန်နေဂျာများကို ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်ရရှိရေး သင်တန်းများ ပို့ချခဲ့ပါတယ်။ လမ်းဘေးစားသောက်ဆိုင်များကိုလည်း မြို့နယ်ကျန်းမာရေးအရာရှိများ၊ ကျန်းမာရေးမှူးများက ဆင့်ပွားသင်တန်းများ ပေးခဲ့ပါတယ်။ အခုလည်း မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ သင်တန်းများ ဆက်လက်ပေးလျက်ရှိပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ကလည်း အစားအသောက် ကိုင်တွယ်တဲ့သူတွေကို ပညာပေးဖို့အတွက် ၁၉၉၀ပြည့်နှစ်လောက်မှာ "Ten Golden Rules for Safe Food"ဆိုပြီး အန္တရာယ်ကင်းတဲ့ အစားအသောက်ရရှိရေးအတွက် အဓိကလိုက်နာဆောင်ရွက်ရမယ့် အချက်၁၀ချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၀၁ခုနှစ်မှာတော့ ဒီ ၁၀ချက်ကို ခြုံငုံမိပြီး ပိုပြီး ရိုးရိုးရှင်းရှင်းလေးနဲ့ လူတွေ အလွယ်တကူသိရှိ လိုက်နာ ဆောင်ရွက်နိုင်ဖို့အတွက် "5 Keys to Safer Food"အန္တရာယ်ကင်းတဲ့ အစားအသောက်ရရှိရေးအတွက် အဓိကသော့ချက် ငါးခုကို ပညာပေးတဲ့ ပိုစတာတွေ ထုတ်ဝေခဲ့ပါတယ်။ ဒီငါးချက်ကတော့–

(၁) Keep Cleanသန့်ရှင်းအောင် ထားရမယ်။ ဆိုလိုတာကတော့ အစားအသောက် မကိုင်တွယ်မီနဲ့ အိမ်သာအထွက်မှာ လက်ကို သန့်ရှင်းအောင် ဆပ်ပြာနဲ့ဆေးရမယ်။ အစားအသောက် ပြင်ဆင်မယ့် အသုံးအဆောင်ပစ္စည်းများကိုလည်း သန့်ရှင်းတဲ့ ရေနဲ့ ဆေးကြောရပါမယ်။ မီးဖိုချောင် ပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းအောင် ပိုးမွှားတိရစ္ဆာန်များ မဝင်ရောက်နိုင်အောင် ကာကွယ်ထားရပါမယ်။

(၂) Separate Raw and Cooked အသားစိမ်း၊ ငါးစိမ်းများနဲ့ ချက်ထားတဲ့ အစားအသောက်များကို သီးခြားခွဲထားရပါမယ်။ အသားစိမ်း၊ ငါးစိမ်းတွေမှာ ရောဂါပိုးတွေရှိနေတဲ့အတွက် အစားအသောက်များ ပြင်ဆင်ရာ၊ ထားသိုရာနေရာတွေမှာ အတူထားရင် ချက်ပြီး အစားအသောက်တွေကို ရောဂါပိုးများ ကူးစက်ပျံ့နှံ့နိုင်ပါတယ်။ အသုံးအဆောင်ပစ္စည်းတွေ ဖြစ်တဲ့ ဓား၊ စဉ်းတီတုံးနဲ့ ပန်းကန်များကိုလဲ ချက်ထားတဲ့ အစားအသောက်နဲ့ အသားစိမ်း၊ ငါးစိမ်းများအတွက် သီးသန့်ခွဲပြီး အသုံးပြုရမှာဖြစ်ပါတယ်။ ရေခဲသေတ္တာထဲမှာ သိမ်းရင်လည်း ဖုံးအုပ်ပြီး သီးသန့်စီ ခွဲသိမ်းဖို့ လိုပါတယ်။

(၃) Cook Thoroughly အသား၊ ငါး၊ ဥနဲ့ ပင်လယ်စာများကို ချက်ပြုတ်ရာမှာ အားလုံးကျက်အောင် ချက်ရပါမယ်။ ကျွန်မတို့ နိုင်ငံမှာတော့ ဆီပြန်အောင်ချက်တဲ့ အတုံးသေးသေးတုံးတဲ့ အကျင့်ရှိပြီးသားမို့ အသားစိမ်း၊ ငါးစိမ်းထဲမှာပါနိုင်တဲ့ ရောဂါပိုးတွေက ပွက်ပွက်ဆူရေထဲမှာ သေသွားပြီး ဖြစ်ပါတယ်။ အခြားနိုင်ငံတွေမှာတော့ အသားတုံးကကြီးပြီး ပွက်ပွက်ဆူအောင် မချက်ရင် အသားတုံးရဲ့ အထဲကို အပူချိန်က မရောက်တော့ အသားအားလုံး မကျက်တဲ့အတွက် အသားစိမ်းမှာရှိနေတဲ့ ရောဂါပိုးတွေကြောင့် စားသုံးသူတွေမှာ အစာအဆိပ်ဖြစ်တာတွေ ရှိပါတယ်။ ဒါကြောင့် အသားချက်ရင် ထွက်လာတဲ့ ပန်းရောင်အရည်တွေက ကြည်ပြီး အရောင်မရှိသည်အထိချက်ပါလို့ ပြောကြပါတယ်။ ကျက်ပြီးသား အစားအသောက်ကို ပြန်ပြီး အပူပေးရင်လည်း နွေးရုံပဲ မနွေးဘဲနဲ့ အားလုံး တစ်ပြေးညီ ပူနေအောင် သေသေချာချာ အပူပေးရပါမယ်။ နွေးရုံပဲဆိုရင်တော့ ရောဂါပိုးရှိနေရင် ပွားလို့ကောင်းနေမှာပါ။

(၄) Keep Food at Safe Temperatureအစားအသောက်များကို ချက်ပြီးရင် အခန်းထဲမှာ ဒီအတိုင်းထားရင် ၂နာရီထက် ပိုမထားရပါဘူး။ ရေခဲသေတ္တာထဲကို ထည့်ထားရပါမယ်။ ဒါမှ မဟုတ်ရင်တော့ ၆၀ဒီဂရီစင်တီဂရိတ်ထက် ပိုပူအောင် လုပ်ထားရပါမယ်။ မစားခင်မှာတော့ ပြန်ပြီး ပွက်အောင်၊ ဆူအောင်လုပ်ပြီးမှ စားရပါမယ်။ ရေခဲသေတ္တာထဲထားဖို့လည်း မဖြစ်နိုင်၊ ပူအောင်လည်း လုပ်မထားနိုင်ရင်တော့ စားခါနီးမှ ပူပူနွေးနွေးချက်ပြီး စားနိုင်ရင် အကောင်းဆုံးဖြစ်ပါမယ်။ အေးတဲ့ ရာသီမှာချက်ပြီး အစားအသောက်ကို ဖုံးအုပ်ပြီးထားရင် ကောင်းပေမယ့် ပူတဲ့ရာသီမှာတော့ ချက်ပြီး ၂နာရီလောက်အတွင်း စားမှကောင်းမှာပါ။ ပလာတာ၊ ပူရီတို့လို ဆီနဲ့ကြော်ထားတာဆိုရင်တော့ ၅နာရီကနေ ၁၀နာရီလောက်အထိ သိမ်းထားလို့ရပါတယ်။

(၅) Use Safe Water and Raw Materialsချက်ပြုတ်ဆေးကြောရာမှာ အသုံးပြုတဲ့ ရေကလည်း ရောဂါပိုးကင်းရှင်းတဲ့ အန္တရာယ်ကင်းတဲ့ ရေဖြစ်ရပါမယ်။ ရောဂါပိုးကင်းတဲ့ ရေရဖို့ကတော့ ရေကို ကလိုရင်းဆေးခတ်ခြင်းနဲ့ ပွက်ပွက်ဆူအောင် ကျိုချက်ခြင်းဖြစ်ပါတယ်။ ထို့အတူ ဟင်းသီးဟင်းရွက်၊ အသီးအနှံများကလည်း လတ်ဆတ်ဖို့ လိုပါတယ်။ ဟင်းသီးဟင်းရွက်တွေက မြေကြီးကတစ်ဆင့် ရောဂါပိုးတွေ ပါလာနိုင်တာမို့ အစိမ်းစားမယ့် အသီးအနှံ၊ အတို့၊ အမြှုပ်များကို သန့်ရှင်းတဲ့ ရေများများနဲ့ စင်ကြယ်အောင် ဆေးဖို့ လိုအပ်ပါတယ်။

အိမ်ရှင်မများရော စားသောက်ဆိုင်များက အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများပါ လိုက်နာဆောင်ရွက်ဖို့ အပန်းမကြီးတဲ့ ဒီအဓိကသော့ချက်ငါးချက်ကို သေသေချာချာ နားလည် သဘောပေါက်ပြီး လိုက်နာကျင့်သုံးကြမယ်ဆိုရင် စားသုံးသူ မိသားစုတွေ၊ ဝယ်ယူစားသုံးကြတဲ့ စားသုံးသူတွေဟာ အစားအသောက်မသန့်လို့ ဖြစ်ပွားကြရတဲ့ ရောဂါဘယများ ကင်းဝေးကြမှာ အမှန်ဖြစ်ပါတယ်။ ။

28-2 (10) 1 2/28/07, 2:19 PM

ကျောက်ပန်းတောင်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျောက်ပန်းတောင်း မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ဂုဏဝိသိဋ္ဌ ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပမည် ဖြစ်သည်။

အခမ်းအနားတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်း ဇာတိဆရာတော်ကြီးများအား ဂုဏဝိသိဋ္ဌ ပူဇော်ခြင်း၊ ဂုဏ်ထူးဆောင် တံဆိပ်ဆုချီးမြှင့်ခံရသော လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုခြင်း၊ ပညာရည်ချွန် ဆုချီးမြှင့်ခြင်းတို့ကို တစ်ပါတည်း ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်း မြို့နယ်သူ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။**(က–ပ)**

ပါကစ္စတန်နိုင်ငံသို့ ဘုရားဖူးခရီးစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt.,Ph.D) ဦးဆောင်၍ ပါကစ္စတန်နိုင်ငံတွင် မတ်၂၆ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် Gandhara Week ပွဲတော်ရက်အတွင်း ရှေးဟောင်းဗုဒ္ဓအမွေအနှစ် စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ သွားရောက်ဖူးမြော်နိုင်သည့် သီတဂူဘုရားဖူးခရီးစဉ်တစ်ခု စီစဉ်လျက်ရှိရာ စိတ်ပါဝင်စားသူများ သီတဂူ ဦးဟန် ဖုန်း–၀၁–၂၅၆၄၆၃၊ ၀၉–၈၀–၂၂၇၆၃၊ သီတဂူ ဦးဝင်းအောင် ဖုန်း–၀၉–၂၀၀၅၄၆၁၊ Woodland Travels ဖုန်း–၀၁–၂၀၂၀၇၁၊ ၂၀၂၀၇၂၊ ၂၀၂၀၇၃ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

ပုပ္ပား(၂)တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် ပုပ္ပား (၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ လစဉ် ၁၀ ရက်တရားစခန်းပွဲကို ဖွင့်လှစ်လျက်ရှိရာ (၁၄၈) ကြိမ်မြောက် တပေါင်းလ တရားစခန်းပွဲကို မတ် ၅ ရက်(တနင်္လာနေ့) ညနေ အရောက်လာကြရန်နှင့် သင်္ကြန်တွင်း တရားစခန်းပွဲကို ဧပြီ ၁၁ ရက် (ဗုဒ္ဓဟူးနေ့) ညနေအရောက် လာကြရန် ဖြစ်သည်။

ယင်းတရားစခန်းပွဲ၌ ပုပ္ပား (၂) ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ–LL.B)၊ ပန်းချီ ဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား (၃) ဆရာတော် ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ–မဟာ ဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားကြမည်ဖြစ်ရာ ယောဂီများ အနေဖြင့် လူကိုယ်တိုင်ဖြစ်စေ ဖုန်း–၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ရုံးခန်း (ဗဟန်း ၃ လမ်းမှတ်တိုင်အနီး)တွင် အမှတ်(၅၇) ရွှေတောင်ကြားလမ်း ဗဟန်းမြို့နယ်နေ နှစ်ဖက်သော မိဘများ ဖြစ်သော မစ္စတာ ဟက်–ဒေါ်ဖွားရှင်၊ ဦးစံလှ – ဟာဂျီမဒေါ်ပု (လူမှုထူးချွန် ပထမဆင့်)၊ ဒုတိယပါမောက္ခချုပ် ဦးဘသန်းဟက်တို့အား ရည်စူး၍ ဒေါ်သန်းသန်းနှင့် သားသမီး၊ မြေးမြစ်တစ်စုက ငွေကျပ် ၁၀ သိန်းကို ဥက္ကဋ္ဌ ဦးရိုန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယမန်နေ့နံနက် ၈ နာရီက နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ကျင်းပသည်။

ပြိုင်ပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ဖွဲ့ (၃)နှင့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

ထိုသို့ ယှဉ်ပြိုင်ရာတွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းက အမျိုးချစ်တဲ့ဇာနည်၊ စစ်သည်တော်၊ မြန်မာတို့ရဲ့တပ်မတော်၊ ရဲစိတ်ရဲမာန်၊ နိုင်ငံတော်ကိုချစ်တဲ့ သားကောင်းစစ်သည်တော်၊ မျိုးမြန်မာပြည်ရွာ၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက အာဇာနည်တစ်ရာ့တစ် ဒို့ရဲဘော်၊ နိုင်ငံတော်ကိုချစ်တဲ့ သားကောင်းစစ်သည်တော်၊ ဘာမထီ အာဇာနည် စစ်ချီတေးများဖြင့် လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းက ကမ်းရိုးတန်းရဲမက်ဇာနည်၊အောင်ပွဲရတဲ့ ဒို့စစ်သည်၊ အောင်လံဝင့်ထင် သမိုင်းအဆင့်ဆင့်၊ ဒို့တပ်မတော်၊ အမျိုးအတွက် မျိုးချစ်တဲ့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက ရွှေနိုင်ငံ ရွှေကြယ်ဝင့်လို့ချီ၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ ကျန်ရှိသောတာဝန်တစ်ရပ်၊ တူယှဉ်ကာတိုက်စို့ စစ်ချီတေးများဖြင့်လည်းကောင်း၊တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃)က ပြည်သူ့သားကောင်း၊ ပြည်သူ့သားစစ်သည်၊ဒို့စစ်သည်၊ ဘာမထီအာဇာနည် စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက တပ်မတော်၊ အောင်လံဝေဝေ(ကြည်း၊ရေ၊လေ)၊ တူယှဉ်ကာတိုက်စို့၊ တပ်မ (၁၁) စစ်သည်တော်စစ်ချီတေးများဖြင့် လည်းကောင်း အသီးသီး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၁ ရက်က အမှတ်(၁၄)အခြေခံပညာ မူလတန်းကျောင်း ဗဟန်း မြို့နယ် ဘက်စုံ ပညာရည်ချွန် ဆုပေးပွဲ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းယဉ်က ငါးနှစ်ဆက်တိုက် ထူးချွန်ဆုရ မောင်အာကာဝင်းအောင်အား ဆုချီးမြှင့်စဉ်။ (က–ပ)

နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်း

ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကျင်းပသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ၂၁ ရက်က တိုင်းရုံး၌ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မှာကြားချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့မှ ထောက်ပံ့သော အသေးစားချေးငွေလုပ်ငန်းအတွက် ငွေကျပ် သိန်း ၅၀ကို ပြည်နှင့်သာယာဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ များထံ ပေးအပ်ခဲ့သည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ဘွဲ့ခံဆရာတော်ကြီးများအား ပူဇော်ပွဲ

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် အမှတ်(၇၁)၊ တောင်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တမအား ဦးထိပ်ပန်ဆင်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘွဲ့ခံဆရာတော်ကြီးများ ပူဇော်ပွဲကို ဗဟန်းမြို့နယ် ဗဟန်း(၁)လမ်း အမှတ် ၃၈ ပအိုဝ်းအမျိုးသားဓမ္မာရုံ၌ မတ် ၂ ရက်(သောကြာနေ့) နံနက် ၇နာရီ တွင် ကျင်းပမည် ဖြစ်သည်။

အသံမစဲ ပဋ္ဌာန်းပွဲ

မန္တလေးတိုင်း မိတ္ထီလာမြို့၌ ရှင်အရဟံ မထေရ်မြတ်နှင့် အနော်ရထာမင်းတို့ သမုတ်တော်မူခဲ့သည့် သိမ်ကိုးသိမ်၌ ပထမအကြိမ် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကို မတ် ၂ ရက် (၁၃၆၈ခု တပေါင်းလပြည့်) သောကြာနေ့ နံနက် ၉ နာရီမှစတင်၍ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်မည် ဖြစ်သည်။

မင်းတပ်–ဟားခါး ယာဉ်လိုင်းသစ်ဖွင့်

ချင်းပြည်နယ် မင်းတပ်မြို့တွင် မင်းတပ်–ကျောက်ထု–ထီးလင်း–ဂန့်ဂေါ–ဟားခါး ခရီးစဉ်များအတွက် ခြသေ့်မင်း မော်တော်ယာဉ်လိုင်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၃ ရက်က မြို့နယ် ခန်းမအနီး ကားဂိတ်၌ ကျင်းပရာ မင်းတပ်ခရိုင်ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် ခရိုင် ပြည်ထောင်စုနှင့်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထန်းလိန်းတို့က ယာဉ်လိုင်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ဆေးငွေပဒေသာပင်နှင့် ဆေးရုံသုံးပစ္စည်းများလှူဒါန်း

ပဲခူးတိုင်း လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးငွေပဒေသာပင်၊ လေအေးပေးစက်နှင့် အောက်ဆီဂျင် ရာသက်ပန် လှူဒါန်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃ နာရီက လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ အလှူရှင် ၂၃ ဦးက အလှူငွေ နှစ်ဆယ့်ရှစ်သိန်း လေးသောင်းငါးထောင်၊အလှူရှင် ဒေါ်ကျင်ရွှေက နှစ်သိန်းခွဲတန် လေအေးစက် တစ်လုံးနှင့် ဦးဝင်းမော်က အောက်ဆီဂျင် ရာသက်ပန်အလှူကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးချစ်သိန်းနှင့်မြို့နယ် ဆေးရုံကြီးကြပ်ရေးကော်မတီဝင်များကလက်ခံရယူခဲ့သည်။

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

ရောဝတီတိုင်း ရေကြည်မြို့နယ် အသုတ်မြို့ရှိ လောကမွန် စာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၂၀ ရက်က တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေး၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်မြစီနှင့် ဝန်ထမ်းများက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးခဲ့ကြသည်။

ညောင်တုန်း အထက(၂)ရာပြည့်ပွဲ

ဧရာဝတီတိုင်း ညောင်တုန်းမြို့ အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ ရာပြည့် ဆုံဆည်းပွဲကို မတ် ၂ရက် (တပေါင်းလပြည့်နေ့) မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်း ရာပြည့်ခန်းမ၌ ကျင်းပ မည် ဖြစ်ရာ မတ် ၂ ရက် နံနက် ၇ နာရီတွင် ပန်းဆိုးတန်းလမ်းရှိ ညောင်တုန်းအသင်းတိုက်မှ မော်တော်ယာဉ်များ ထွက်ခွာမည် ဖြစ်ကြောင်း သိရသည်။

မြိတ်အသင်း ဂုဏပူဇာသဘင်

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော မြိတ်မြို့နယ်မှ ဆရာတော်ခေါက်ပါးအား မတ် ၃ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အမှတ် ၁၀၃ ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းထောင့် ဗဟန်းမြို့နယ် ယုဇနစင်တာဟိုတယ်၌ ဂုဏပူဇာသဘင် ကျင်းပမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ အမျိုးသမီးရေးရာ အဖွဲ့နှင့် ပြင်ဦးလွင်၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်း၊ မိုးကုတ် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ၏ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၇ရက်က စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရုပ်မြင်သံကြားပြစက်နှင့်စာအုပ်လှူဒါန်းပွဲ ကျင်းပ

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် ကြခတ်ကျေးရွာ လင်းကျက်သရေဖြာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားပြစက်နှင့်သုတစာအုပ်မျိုးစုံ လှူဒါန်းပွဲကို ဖေဖော်ဝါရီ၂ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ခရိုင်ပြန်/ဆက် ဒုတိယဦးစီးမှူး ဦးအောင်ကိုသန့်က ရုပ်မြင်သံကြားပြစက်နှင့်စာအုပ်မျိုးစုံလှူဒါန်းရခြင်း အကြောင်းရှင်းလင်းပြောကြားပြီး ရုပ်မြင်သံကြားပြစက်နှင့်သုတစာအုပ်မျိုးစုံတို့ကို ကြခတ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမျိုးမင်းဦးထံသို့ ပေးအပ်လှူဒါန်းသည်။

စာအုပ်လှူဒါန်းပွဲ ကျင်းပ

စစ်ကိုင်းတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် အောင်းကျေးရွာ ယောရတနာ စာကြည့်တိုက်၌ ဖေဖော်ဝါရီ ၁၉ရက်က စာအုပ်လှူဒါန်းပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အောင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က စာအုပ်များကိုလည်းကောင်း၊စေတနာရှင်များက အလှူငွေများကို လည်းကောင်း လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းအောင်က လက်ခံရယူခဲ့သည်။

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန်မြို့ရှိ မြန်မာ ဂေါက်သီးရိုက် အသင်းတွင် ဦးတင်သောင်း (မြန်မာ့ သစ်လုပ်ငန်း)သည် ကစားဖော်များဖြစ်ကြသော ဦးရဲထွန်းနိုင်၊ ဦးသူရဝင်းတို့နှင့်အတူ ဖေဖော်ဝါရီ ၁၀ ရက်က ဂေါက်သီးရိုက် ကစားကြရာ Titleist Pro No. 392 ဘောလုံးကို Wilson Iron No(8) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၂ ကိုက်ရှိ ကျင်းအမှတ်(၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

ကိုယ့်အားကိုယ်ကိုး ကျောက်ချော လမ်းသစ်ဖွင့်

မန္တလေးတိုင်း မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မ(၄)ရပ်ကွက် အေးမေတ္တာလမ်း ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က အဆိုပါလမ်းအဝင် မုခ်ဦး၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှမိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလေးလွင်နှင့် ကျောက်ချောလမ်းအတွက် တစ်ဦးတည်း ၃၈သိန်းအလှူရှင် ဦးအောင်မြင့်၊ ဒေါ်ခင်အေးမိသားစုတို့က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ လမ်းအရှည်မှာ ပေ ၅၅၀၊ အကျယ် ၁၄ ပေ ရှိကြောင်း သိရသည်။

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် ၅၇ နေ ဒေါ်သန်းသန်းနှင့် သားသမီးမြေးတစ်စုက နှစ်ဖက်သောမိဘများနှင့် ကျေးဇူးရှင်ဖခင်ကြီး (ဒုတိယ)ပါမောက္ခချုပ် ဦးဘသန်းဟက်အားရည်းစူးလျက် ကျောင်းအလှူတော်ငွေကျပ် ဆယ်သိန်းကို အကျိုးတော်ဆောင် ဆရာတော် အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)၏ ရှေ့မှောက်တွင် ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့ ဒေါ်ကေသက်မော်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တ အာစရ ပျံလွန်တော်မူ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်သြဝါဒါစရိယ စစ်ကိုင်းတိုင်း ကသာခရိုင် ဝန်းသိုမြို့ မန်ကျည်းကုန်းစာသင်တိုက် ပဓာန နာယက ဆရာတော် သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစရသည် (၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်) ဖေဖော်ဝါရီ ၂၇ရက် အင်္ဂါနေ့ နံနက် ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် စီမံကိန်း(၂) စံပြရပ်ကွက်ရှိ အာစာရဝံသ ကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ဖေဖော်ဝါရီ ၂၇ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသော အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲတွင် စာရေးဆရာ စစ်ကိုင်းကြည်ညွန့် မိသားစုက ပြည်ပဂျာနယ် ၂၆၃ စောင်နှင့် ပြည်တွင်းဂျာနယ် ခြောက်စောင် ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် လက်ခံစဉ်။ (မြန်မာ့အလင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီးအတွက် အလှူတော်ငွေများ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)ကို ယခုအခါ အိန္ဒိယနိုင်ငံ (မဇ္ဈိမဒေသ) ဗုဒ္ဓဂယာမြေမြတ်မဟာတွင် အကောင်အထည်ဖော် ဆောက်လုပ်နေပြီဖြစ်သည်။ စေတနာရှင်များအနေဖြင့် ကျောင်းတော် အလှူကုသိုလ်ယူ ပါဝင်လှူဒါန်းလိုပါက ဦးရာဇိန္ဒ(နာလန္ဒာတက္ကသိုလ်)ကျောင်းဖြစ်မြောက်ရေးနှင့် ဘဏ္ဍာငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌ ဖုန်း-၀၁-၅၂၇၇၄၆၊ ၀၉-၅၁၀၉၄၂၅၊ ဦးဂန္ထသာရ (စာချ-နာယက၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ) ဖုန်း-၀၁-၃၇၀၉၆၁၊ အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး) ဖုန်း-၀၁-၃၇၀၉၆၁၊ ၀၉-၅၁၆၂၁၉၃၊ ဦးမျိုးဆွေ-ဒေါ်မြရှင်(သီရိသုခမ္မသီဂိ)ပုလဲရတနာရောင်းဝယ်ရေးမိသားစု ဖုန်း-၀၁-၅၂၇၅၆၄၊ ၅၂၅၆၃၂၊ ၀၉-၅၀၁၅၉၂၅၊ ဦးမျိုးသန့်-ဒေါ်ကေသက်မော် ဖုန်း-၀၁-၂၂၀၂၄၅၊ ၀၉-၅၀၁၅၉၄၉ နှင့် ဒေါက်တာယဉ်မင်းဦး(ခ)ဒေါက်တာနိုင်တင်ဂေးလ် ဖုန်း-၀၉-၅၁၆၃၄၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဘာရှုနိုင်းဘုရင်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်း ပါဝင်ဆင်နွှဲမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မတ်လ ၃ ရက်မှ ၁၇ ရက်အထိ ဘာရှုနိုင်း ဒါရုဆလမ်နိုင်ငံ ဒါဆာရီဂါဝမ်မြို့တွင် ကျင်းပမည့် ဘာရှုနိုင်းဘုရင်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အသက်(၂၁)နှစ်အောက် လူငယ်ဘောလုံးအသင်း ပါဝင်ဆင်နွှဲယှဉ်ပြိုင်မည် ဖြစ်သည်။

လိုက်ပါဆောင်ရွက်

မြန်မာလူငယ်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်ဝင်းကလည်းကောင်း၊ အုပ်ချုပ်သူအဖြစ် ဦးစိုးမြင့်လွင်၊ နည်းပြအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်မန်နေဂျာ ဦးဉာဏ်ဝင်းနှင့် လက်ထောက်နည်းပြအဖြစ် ဦးစိုးမိုးတို့ကလည်းကောင်း၊ အသင်း ဆရာဝန်အဖြစ် အားကစားဝန်ကြီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာအောင်ကျော်ဦးတို့က လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။

သူတို့ပါဝင်

မြန်မာလူငယ်ဘောလုံးအသင်းတွင် ဂိုး-ဆောက်လုပ်ရေးမှ ကျော်ဇင်ထက်နှင့် စီးပွားကူးသန်းမှ သီဟစည်သူ၊ နောက်တန်းတွင် ဘဏ္ဍာအခွန်အသင်းမှ ထူးကျော်၊ ကမ္ဘောဇမှ အေးဆန်းနှင့် အောင်ကျော်ဦး၊ စီးပွားကူးသန်းမှ ချမ်းချမ်းနှင့် မိုးဝင်း၊ စွမ်းအင်မှ ဇော်ထက်အောင်နှင့် လယ်ယာနှင့်ဆည်မြောင်းမှ ခင်မောင်လွင်၊ အလယ်တန်းတွင် စီးပွားကူးသန်းမှ ရာဇာဝင်းသိန်းနှင့် အောင်မျိုးသန့်၊ ရန်ကုန်မြို့တော်စည်ပင်မှ ကျော်ဌေးဦး၊ ကမ္ဘောဇမှ နေဝင်း၊ ဘဏ္ဍာအခွန်မှ ပိုင်စိုး၊ ရှေ့တန်းတွင် ပို့ဆောင်ရေးမှ ပြည့်ဖြိုးဦး၊ ရန်ကုန်မြို့တော်စည်ပင်မှ လှအေးထွေး၊ ကာကွယ်ရေးမှ ရဲဝေယံစိုးနှင့် ဆောက်လုပ်ရေးမှ စည်သူသန်းတို့ ပါဝင်ကြသည်။

အသင်း ရှစ်သင်း

အဆိုပါပြိုင်ပွဲတွင် အသင်း ရှစ်သင်းအား အုပ်စုနှစ်စုခွဲယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု နှစ်စုစီမှ ပထမနှင့် ဒုတိယရအသင်း နှစ်သင်းစီ အကြိုဗိုလ်လုပွဲ ဆက်လက်ယှဉ်ပြိုင်ပြီး အနိုင်ရသည့်အသင်း နှစ်သင်း ဗိုလ်လုပွဲ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အုပ်စု(ခ)

မြန်မာလူငယ်ဘောလုံးအသင်းသည် အုပ်စု(ခ)တွင် ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် အိမ်ရှင် ဘာရှုနိုင်းအသင်းတို့နှင့်အတူ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အုပ်စုချောင်သည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာလူငယ်ဘောလုံးအသင်းသည် အုပ်စု(ခ) ပွဲဦးထွက် ပွဲစဉ်အဖြစ် မတ်လ ၃ ရက်တွင် BSC ဘောလုံးကွင်း၌ ဖိလစ်ပိုင်နှင့် လည်းကောင်း၊ မတ်လ ၅ရက်တွင် KBP ဘောလုံးကွင်း၌ ကမ္ဘောဒီးယားနှင့် လည်းကောင်း၊ မတ်လ ၇ ရက်တွင် BSC ဘောလုံးကွင်း၌ အိမ်ရှင်ဘာရှုနိုင်းနှင့် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ॥ **(မြန်မာ့အလင်း)**

သတင်းနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ဘာရှုနိုင်းဘုရင်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာလူငယ် ဘောလုံးအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အတူ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် တွေ့ရစဉ်။ (မြန်မာ့အလင်း)

မဇ္ဈိမဂုဏ်ရည်ဆရာတော်တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း သာကေတမြို့နယ် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက ဆရာတော် သာသနတက္ကသီလ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တကောဝိဒသည် မတ် ၁ ရက် ည ၇ နာရီတွင် ကျောက်တန်းမြို့နယ် တံတားမြို့၊ ၂ ရက် ည ၇ နာရီတွင် ဗဟန်း ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှုရတနာကျောင်း စွယ်တော်ရတနာစေတီ ဗုဒ္ဓပူဇနိယပွဲ၊ ၃ ရက်တွင် ကျိုက်လတ်မြို့၊ ၄ ရက်ည ၇ နာရီတွင် သာကေတ(၅)ရပ်ကွက် သုမနဓမ္မာရုံ၊ ၅ ရက် ဆည်းဆာတွင် လှိုင်မြို့နယ်(၁၀)ရပ်ကွက် ခေမိန္ဒာရာမကွင်းကျောင်း၊ ယင်းည ၈ နာရီတွင် သာကေတ(၅)ရပ်ကွက် သုမနဓမ္မာရုံ၊ ၇ ရက်တွင် မော်လမြိုင်ကျွန်းမြို့၊ ၁၁ ရက်တွင် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာ မိခင်ကြီး ဒေါ်ခင်သောင်း၊ သား ကိုဝင်းဆောင်-မတင်မာဆွေတို့၏ အလှူတော်ပွဲ၊ ၁၂ ရက်မှ ၂၃ ရက်အထိ ပြည်ပ ဓမ္မခရီးစဉ်၊ ၂၄ ရက် ဆည်းဆာ(၃၈)လမ်း အောက်လမ်းရှိ ဗုဒ္ဓဝိဟာရဓမ္မာရုံ၊ ယင်းနေ့ည ၈နာရီခွဲတွင် ကျောက်တန်း ပါဒကြီးဘုရား နှစ်တစ်ရာပြည့်ပူဇော်ပွဲ၊ ၂၅ ရက်တွင် ကြို့ပင်ကောက်မြို့၊ ၂၆ ရက် ဆည်းဆာတွင် မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက် သစ္စာလမ်း၊ ယင်းနေ့ညတွင် ကမာရွတ်(၅)ရပ်ကွက် အောင်သုခလမ်း၊ ၂၈ ရက်တွင် သုံးခွမြို့နယ် အနောက်ကျေးရွာ၊ ၂၉ ရက် ဆည်းဆာတွင် ရွှေပြည်သာ မလွန်ဆန်လှူအသင်း၊ ယင်းနေ့ညတွင် မင်္ဂလာဒုံ ပေါက်ကုန်းရပ်ကွက်၊ ၃၀ ရက်တွင် မြောက်ဥက္ကလာနွယ်သာကီလူထုမြတ်ပဌာန်း ဓမ္မာရုံ၊ ၃၁ ရက် ဆည်းဆာတွင် သဃ်န်းကျွန်း ဗိုလ်ကံညွန့်ရပ်ကွက်နှင့် ယင်းနေ့ညတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) ၁၀၄ ရပ်ကွက်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂၃ ရက်က ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်း (တောင်ဥက္ကလာ) တတိယအကြိမ်မြောက် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ မြို့နယ်အဆင့် ထူးချွန်အောင်မြင် ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို အထက(၁) သီရိရတနာခန်းမတွင်ကျင်းပရာ ပထမရွှေတံဆိပ်ဆုရ အမက(၁၂)မှ မနိုင်တင်ဇာဖြိုးအား မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန်က ဆုချီးမြှင့်စဉ်။ (၁၉၂)

ရခိုင်ပြည်နယ် မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ မီးလောင်ကျွမ်းမှုများဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ် သံတွဲမြို့ အမှတ်(၂)ရပ်ကွက် မာဃလမ်းနေ ဦးအီဆာ(ခ)ဦးကျော်ရှင်း၏ နေအိမ်၌ ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၄ နာရီခွဲခန့်တွင် မီးဖိုဆီကြော်အိုးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ်သုံးလုံးခန့် မီးလောင်ကျွမ်းခဲ့ပြီး လူ ၁၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရင်းတော်မြို့မကျေးရွာ တောင်ပြင်ရပ်ကွက်နေ မသက်သက်စိုး၏ နေအိမ်၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁ နာရီခွဲခန့်တွင် ခြင်ထောင်ဘေး ဖယောင်းတိုင် မီးထွန်းရာမှ မီးလောင်မှုဖြစ်ပွားပြီး နေအိမ် ၁၀ လုံး မီးလောင်ခံရကာ လူ ၅၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ဆိပ်တဲကျေးရွာ၌ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၆ နာရီခွဲတွင် ကောက်ရိုးပုံပေါ် ဆေးလိပ်မီးကျရာမှ မီးကူးစက်လောင်ကျွမ်းပြီး နေအိမ် ၁၀ လုံး မီးလောင်ခံရကာ လူ ၄၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးအန္တရာယ် အစဉ်သတိပြုကာကွယ်

ကမ္ဘာ့နံပါတ်တစ်နေရာကို အကြာဆုံးရပ်တည်နိုင်သည့် တင်းနစ်ကစားသမား

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

ဇူးရစ် ဖေဖော်ဝါရီ ၂၇

အမျိုးသားတင်းနစ် လောကတွင် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေသော တင်းနစ်ကစားသမားကို ပြပါဆိုလျှင် ဆွစ်ဇာလန်နိုင်ငံသား ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒဲရားကို ပြရမည်သာ ဖြစ်သည်။



အောင်ပွဲခံ

ဩစတြေးလျ အိုးပင်း ဗိုလ်လုပွဲတွင် ဖာနန်ဒိုဂွန်ဇာလက်အား အနိုင်ရပြီး အောင်ပွဲခံနေသော ဖက်ဒဲရား။
(ဓာတ်ပုံ–အင်တာနက်)

ရော်ဂျာဖက်ဒဲရားသည် အသက်(၂၅)နှစ်သာ ရှိသေးသော်လည်း တင်းနစ်လောကတွင် အောင်မြင်ကျော်ကြားသူတစ်ယောက်ဖြစ်နေပြီ ဖြစ်သည်။ ယနေ့ တင်းနစ်အားကစားမောင်မယ်များအတွက် အားကျဖွယ်ကောင်းသည်။ ၎င်းသည် မကြာမီက ၂၀၀၇ ခုနှစ်အတွက် ဩစတြေးလျ အိုးပင်း ချန်ပီယံဆုကို ပူပူနွေးနွေးဆွတ်ခူးထားသူလည်း ဖြစ်သည်။

ဆက်ထိန်းနိုင်ခဲ့

အရပ်ခြောက်ပေနှင့် တစ်လက်မရှိသော ရော်ဂျာဖက်ဒဲရားသည် တင်းနစ်ကစားရာတွင် အလွန်လျင်မြန်ပြီး ပြိုင်ဘက်များအပေါ် ပညာသားပါပါ ကစားတတ်သူ ဖြစ်သည်။ ၎င်းသည် အဆိုပါ ဩစတြေးလျ အိုးပင်းဖလားကြီးကို ၂၀၀၃ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်တို့တွင်လည်း ဆွတ်ခူးနိုင်ခဲ့၍ ယခုနှစ်ပါဆိုလျှင် သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ ထိုစဉ်က ဖက်ဒဲရားသည် ချီလီမှ အသက်(၂၆)နှစ်ရှိ ဖာနန်ဒိုဂွန်ဇာလက်ကို ပွဲငယ် ၇–၆၊ (၇–၂)၊ ၆–၄၊ ၆–၄ ဖြင့် နိုင်ပြီး ချန်ပီယံဘွဲ့ကို ဆက်ထိန်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ရယူထား

ယခုအခါ ရော်ဂျာဖက်ဒဲရားသည် ဝင်ဘယ်ဒန် ချန်ပီယံဆုကို၂၀၀၃ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ လေးကြိမ်၊ အမေရိကန် အိုးပင်းချန်ပီယံဆုကို ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ သုံးကြိမ်

ရော်ဂျာဖက်ဒဲရားအား ဩစတြေးလျ အိုးပင်းဖလားနှင့်အတူ ဤသို့ တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ရထားခဲ့ပြီဖြစ်၍ ဩစတြေးလျ အိုးပင်း ချန်ပီယံ သုံးကြိမ်နှင့် ပေါင်းလျှင် ကြီးလေးကြီးမှ ချန်ပီယံဖလား၁၀ခုကို ရယူထားနိုင်ပြီ ဖြစ်သည်။

အကြီးကျယ်ဆုံး

ဂရင်းဆလမ် (ကြီးလေးကြီး)မှ ဖလားအများဆုံး ဆွတ်ခူးနိုင်ခဲ့သည့် တင်းနစ်ကစားသမားများကို ပြန်လည်လေ့လာကြည့်လျှင် အမေရိကန်မှ ပီဆမ်းပရက်စ်က ၁၄လုံး၊ ဩစတြေးလျမှ ရွိုင်းအီမာဆင်က ၁၂လုံး၊ ဆွီဒင်မှ ဂျွန်ဘော့နှင့် ဩစတြေးလျမှ ရော့ဒ်ဗာလာတို့က ၁၁လုံးစီနှင့် အမေရိကန်မှ ဘီလ်တီလ်ဒင်က ၁၀လုံးရထားခဲ့သည်။ သို့သော်လည်း ဖက်ဒဲရားသည် ကြီးလေးကြီးလေးပွဲအနက် ပြင်သစ်ချန်ပီယံ မဖြစ်သေးပေ။ ကြီးလေးကြီးဖလားများမှာ အမေရိကန်အိုးပင်းဖလား၊ လန်ဒန်မှ ဝင်ဘယ်ဒန်ဖလား၊ ပြင်သစ်အိုးပင်းဖလားနှင့် ဩစတြေးလျအိုးပင်းဖလားတို့ဖြစ်သည်။ ယင်းဖလားပြိုင်ပွဲများသည် ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံးသော တင်းနစ်အားကစားပြိုင်ပွဲကြီးများဖြစ်သည်။ ကမ္ဘာ့အကောင်းဆုံး နာမည်ကြီး တင်းနစ်ကစားသမားများ ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲကြီးများ ဖြစ်သည်။

ဖော်ပြ

ဖက်ဒဲရား ကမ္ဘာ့နံပါတ်တစ်နေရာကို အကြာဆုံး ရပ်တည်နေနိုင်သည့် တင်းနစ်ကစားသမားလည်း ဖြစ်လာခဲ့သည်။ ၎င်းသည် ကမ္ဘာ့နံပါတ်တစ်နေရာကို အကြာဆုံးရပ်တည်နိုင်ခဲ့သည့် ဂျင်မီကွန်နားစ်၏ စံချိန်ကိုလည်း ကျော်ဖြတ်ခဲ့ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ ရက်က အင်တာနက်သတင်းတွင်ဖော်ပြထားသည်။

ရောက်ရှိ

အသက်(၂၅)နှစ်ရှိ ရော်ဂျာဖက်ဒဲရားသည်သီတင်းပတ်ပေါင်း ၁၆၁ပတ်ကြာ ကမ္ဘာ့နံပါတ်တစ်နေရာကို အကြာဆုံးရပ်တည်နေနိုင်သည့် ဒုတိယမြောက် တင်းနစ်အကျော်အမော် ဖြစ်လာခဲ့သည်။ ဖက်ဒဲရားသည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၄ရက်က ကမ္ဘာ့နံပါတ်တစ်နေရာကို ရောက်ရှိလာသူ ဖြစ်သည်။

ဆွတ်ခူးနိုင်

ဂျင်မီကွန်နားစ်သည် ၁၉၇၄ ခုနှစ် ဇူလိုင်လနှင့် ၁၉၇၇ခုနှစ် ကာလအတွင်း ကမ္ဘာ့နံပါတ်တစ်နေရာကို ရပ်တည်နိုင်ခဲ့သူဖြစ်သည်။ သီတင်းပတ်ပေါင်း ၁၆၁ပတ်ကြာကမ္ဘာ့နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့သည့် ဖက်ဒဲရားသည် ဂရင်းဆလမ် ချန်ပီယံဆု ဖလားကြီး ၁၀လုံး ဆွတ်ခူးနိုင်ခဲ့သော်လည်း ပြင်သစ်အိုးပင်းချန်ပီယံဆု မဆွတ်ခူးနိုင်ဘဲ ရှိသည်။

ယင်းဆုကို ယခုနှစ်တွင် ဆွတ်ခူးနိုင်ရန်အတွက် ကြိုးစားသွားမည်ဖြစ်ကြောင်း ဖက်ဒဲရားက မကြာမီက ပြောကြားထားကြောင်း သိရသည်။ အကယ်၍ ၎င်းသည် ပြင်သစ်အိုးပင်း ချန်ပီယံဆု ဆွတ်ခူးနိုင်ပါက ကြီးလေးကြီး ချန်ပီယံ ဖက်ဒဲရား ဖြစ်လာမည်ဖြစ်သည်။

နှစ်ကြိမ်ရ

ကမ္ဘာ့တင်းနစ် သမိုင်းတွင် ကြီးလေးကြီး ချန်ပီယံဖြစ်သူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦးသာရှိသည်။ အမျိုးသားနှစ်ဦးမှာ ၁၉၃၈ခုနှစ်က အမေရိကန်မှ ဒွန်ဘတ်ချ်နှင့် ၁၉၆၂ ခုနှစ်နှင့် ၁၉၆၉ခုနှစ်က နှစ်ကြိမ်ရခဲ့သော ဩစတြေးလျမှ ရော့ဒ်လာဗာတို့ဖြစ်သည်။

အမျိုးသမီးသုံးဦးမှာ ၁၉၅၃ခုနှစ်က အမေရိကန်မှ မော်ရင်းကွန်နိုလီ၊ ၁၉၇၀ ပြည့်နှစ်က ဩစတြေးလျမှ မာရက်စမစ်နှင့် ၁၉၈၈ ခုနှစ်က ဂျာမနီမှ စတက်ဖီဂရပ်ဖ်တို့ ဖြစ်သည်။

လွဲခဲ့

ဖက်ဒဲရားသည်၂၀၀၆ခုနှစ် ပြင်သစ်အိုးပင်း နောက်ဆုံးဗိုလ်လုပွဲတွင် စပိန်မှ ရာဖေးလ်နာဒယ်ကိုရှုံးခဲ့၍ ကြီးလေးကြီး ချန်ပီယံဘွဲ့နှင့် လွဲခဲ့ရသည်။

သို့သော်လည်း ၎င်းသည် လာမည့် မေ၂၇ရက်မှ ဇွန်၁၀ရက်အထိ ကျင်းပမည့် ပြင်သစ်အိုးပင်းတွင် ချန်ပီယံဘွဲ့ရအောင် အသေအချာ ပြင်ဆင်ထားပုံရသည်။

ရပ်တည်

မည်သို့ပင်ဖြစ်စေကာမူ ရော်ဂျာဖက်ဒဲရားသည် ကမ္ဘာ့တင်းနစ်လောကတွင် ကမ္ဘာ့နံပါတ်တစ်နေရာကို အကြာဆုံး ရပ်တည်နေနိုင်သည့် တင်းနစ်ကစားသမားတစ်ဦး ဖြစ်လာပြီ ဖြစ်သည်။

ကမ္ဘာ့ထိပ်တန်း တင်းနစ်ကစားသမား ၁၀ ဦး

၁။ ရော်ဂျာဖက်ဒဲရား(ဆွစ်ဇာလန်)
၂။ ရာဖေးလ်နာဒယ်(စပိန်)
၃။ ဒေဗီဒ့်ဂွန်ကို(ရုရှား)
၄။ အင်ဒီရော့ဒစ်(အမေရိကန်)
၅။ ဖာနန်ဒိုဂွန်ဇာလက်(ချီလီ)
၆။ ဂျိမ်းဘလိတ်(အမေရိကန်)
၇။ ရိုဘရီဒို(စပိန်)
၈။ ဂျူဘစ်ဆစ်(ခရိုအေးရှား)
၉။ ဟားစ်(ဂျာမနီ)
၁၀။ နယ်ဘန်ဒီယန်(အာဂျင်တီးနား)

(ကိုးကား– အင်တာနက်သတင်းများ)

ကမ္ဘာတစ်လွှား အားကစား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ယူကရိန်း တိုက်စစ်မှူး ဗိုရိုနင်အား လီဗာပူးက ခေါ်ယူ

လီဗာပူးသို့ ရောက်ရှိလာတော့မည့် ယူကရိန်းတိုက်စစ်မှူး ဗိုရိုနင်။
(ဓာတ်ပုံ–အင်တာနက်)

လန်ဒန် ဖေဖော်ဝါရီ ၂၇

ယူကရိန်း တိုက်စစ်မှူး အင်ဒရီဗိုရိုနင်သည် လာမည့်နွေရာသီ အပြောင်းအရွှေ့ ကာလအတွင်း လီဗာပူး ကလပ်သို့ရောက်ရှိလာတော့မည် ဖြစ်ကြောင်း လီဗာပူးကလပ်က သတင်းထုတ်ပြန်လိုက်ပြီ ဖြစ်သည်။

အလွတ်ပြောင်းရွှေ့

အသက် ၂၇ နှစ်အရွယ်ရှိ ယူကရိန်း တိုက်စစ်မှူး အင်ဒရီဗိုရိုနင်သည် လီဗာပူး အသင်းနှင့် လေးနှစ်စာချုပ် ချုပ်ဆိုရန် ရောက်ရှိမည်ဖြစ်ပြီး ဘေယာလေဗာကူဆင် အသင်းမှ အလွတ်ပြောင်းရွှေ့မှုဖြင့် လီဗာပူးက ခေါ်ယူလိုက်ခြင်းဖြစ်သည်။

စွမ်းဆောင်ပေး

အင်ဒရီဗိုရိုနင်သည် ယူကရိန်း ဘောလုံးအသင်းအတွက် ပွဲပေါင်း ၄၀ ကစားပေးထားခဲ့ပြီးသူဖြစ်ပြီး ကိုလုန်း၊ မိန့်ဇ်နှင့် မိုချန်လာဘတ်ကလပ်များ၌လည်း ယခင်က ကစားခဲ့ဖူးသူဖြစ်သည်။ အင်ဒရီဗိုရိုနင်သည် ယခုသီတင်းပတ်အစောပိုင်းက ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲအဖြစ် ဘေယာလေဗာကူဆင်နှင့် ဘလက်ဘန်းတို့ပွဲတွင် ဘေယာလေဗာကူဆင်အသင်းတွင် ပါဝင်ကစားခဲ့သေးသည်။ ဗိုရိုနင်သည် ယူကရိန်းအသင်းအား ၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအောင်ရန် စွမ်းဆောင်ပေးနိုင်ခဲ့သူ တစ်ဦးလည်းဖြစ်သည်။ **(အင်တာနက်)**

မီတာ ၅၀၀ အမျိုးသမီး စက်ဘီးစီး ကမ္ဘာ့ချန်ပီယံ ပင်လီတန် ကမ္ဘာ့အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်

မီတာ ၅၀၀ အမျိုးသမီး စက်ဘီးစီး ကမ္ဘာ့ချန်ပီယံ ပင်လီတန်။ (ဓာတ်ပုံ–အင်တာနက်)

လန်ဒန် ဖေဖော်ဝါရီ ၂၇

မီတာ ၅၀၀ အမျိုးသမီး စက်ဘီးစီး ကမ္ဘာ့ချန်ပီယံ ဗစ်တိုးရီးယားပင်လီတန်သည် မကြာမီကျင်းပမည့် ကမ္ဘာ့အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာ့ချန်ပီယံ

အသက်(၂၆)နှစ်အရွယ် ပင်လီတန်သည် ယခုအချိန်အထိ အင်္ဂလန်နိုင်ငံအတွက် ရွှေတံဆိပ်ရှစ်ခု ရယူထားနိုင်ခဲ့ပြီး ၂၀၀၅ခုနှစ်က တာတိုစက်ဘီးစီး ကမ္ဘာ့ချန်ပီယံလည်း ဖြစ်ခဲ့သူ ဖြစ်သည်။

ကျင်းပသွားမည်

ယခုအချိန်၌လေ့ကျင့်မှုများ အပြင်းအထန်ပြုလုပ်နေကြောင်း၊ ကမ္ဘာ့အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ၌ အောင်ပွဲရရန် မျှော်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။ ကမ္ဘာ့အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို စပိန်နိုင်ငံ မာလော့ကာမြို့၌ လာမည့်မတ်၂၉ရက်မှ ဧပြီ၁ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(အင်တာနက်)**

အမျိုးသမီး အငယ်တန်းအလျားခုန် ကမ္ဘာ့ချန်ပီယံ အာမီဟာရစ် ဥရောပပြေးခုန်ပစ်ပြိုင်ပွဲ ဝင်နွှဲမည်

လန်ဒန် ဖေဖော်ဝါရီ ၂၇

အင်္ဂလန်နိုင်ငံမှ အမျိုးသမီး အလျားခုန် ချန်ပီယံ အာမီဟာရစ်သည် ယခုသီတင်းပတ်ကုန်၌ ကျင်းပမည့် ဥရောပပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း အင်္ဂလန် ပြေးခုန်ပစ်အဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

မျှော်မှန်းထား

ဖေဖော်ဝါရီ ၂၃ရက်က ပြုလုပ်ခဲ့သော လူရွေးချယ်မှုတွင် အာမီဟာရစ် ရွေးချယ်ခံခဲ့ရသည်။ အာမီဟာရစ်သည် အမျိုးသမီးအငယ်တန်း အလျားခုန် ကမ္ဘာ့ချန်ပီယံဖြစ်ပြီး ယခုပြေးခုန်ပစ် ပြိုင်ပွဲ၌ ရွှေတံဆိပ် ရရှိရန်မျှော်မှန်းထားသည်။

အာမီဟာရစ်အနေဖြင့် လောလောဆယ်တွင်၆ ဒသမ၄၇ မီတာ အလျားခုန်ထားနိုင်ခဲ့ပြီး ယခုထက် ကောင်းမွန်သော စံချိန်ကို ခုန်နိုင်မည်ဟု ယုံကြည်ထားကြောင်းသိရသည်။ အင်္ဂလန် ပြေးခုန်ပစ်အသင်းသည် ပြိုင်ပွဲ အမျိုးအစားပေါင်း ၂၁မျိုး ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အာမီဟာရစ်၏ အလျားခုန်ဟန်။
(ဓာတ်ပုံ–အင်တာနက်)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇)ဖြင့် ဂုဏ်ပြုချီးမြှင့်အပ်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန်ရရှိကြသည့် တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်–

ကျောင်းအကျိုးတော်ဆောင်

* **သီရိသုဓမ္မသီရိ ဒေါ်ခင်လေး** – စိန်နှင့်မြ ရောင်းဝယ်ရေး
* **သီရိသုဓမ္မသီရိ ဒေါ်ကျင်သိန်း** – နှင်းဝန်းကုမ္ပဏီလီမိတက်
* **သီရိသုဓမ္မသီရိ ဒေါ်ခင်ကြည်** – ဆန်းကိုကို ဘီစကွတ်
* **သီရိသုဓမ္မသီရိ ဒေါ်အုန်းကြင်** – အိုကေ ဆန်းဆီနှင့်အထွေထွေရောင်းဝယ်ရေး
* **သီရိသုဓမ္မသီရိ ဒေါ်သန်းသန်းရီ** – ပုဂံသားကုမ္ပဏီ

နိုင်ငံတော်မှ စာပေပိဋကန် စာပဒေသာ ပထမဆုရ

ကျောင်းအကျိုးတော်ဆောင်

* **စာပေပညာရှင် ဆရာ ဦးတင်မြင့်(နေမျိုးသန့်)** တို့အတွက်

– မိမိတိုင်းပြည် မိမိလူမျိုး မိမိအားထားရာ ဘာသာ သာသနာ အကျိုးစီးပွားကို စေတနာမေတ္တာ သဒ္ဓါတက်ကာ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ရာသက်ပန် သယ်ပိုးဆောင်ရွက်နိုင်ပါစေဟု ဝမ်းမြောက်ဝမ်းသာ ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့
တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်
ကျန်စစ်သားလမ်း၊ (၁၃)ရပ်ကွက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၀၇ခုနှစ် မတ်လ ၂ရက် (သောကြာနေ့)သည် **တောင်သူလယ်သမားနေ့** နှင့် **တပေါင်းလပြည့်နေ့** ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်။

အမည်ဖြည့်စွက် ခေါ်ပါရန်

အဖ ဦးမြဟန် AF–၀၇၃၃၁၃၏သမီး ဒေါ်မြမြအေး ၁၂/ရကန(နိုင်)၀၆၉၈၄၀အား ဒေါ်မြမြအေး(ခ)ဒေါ်သက်သက်စန်းဟု ဖြည့်စွက်ခေါ်ပါရန်။ **ဒေါ်မြမြအေး(ခ)ဒေါ်သက်သက်စန်း။**



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(ပီ–၃၂)၊ ဧရိယာအကျယ်အဝန်း ၀ ဒသမ ၁၆၈ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ယမုံနာရပ်ကွက်၊ ယမုံနာရိပ်မွန်အိမ်ရာ၊ (ပီ–၃၂)ဟု ခေါ်တွင်သော ဆောက်လုပ်ဆဲအဆောက်အအုံ အပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်ယဉ်မင်းမင်းအောင် နိုင်ငံသားအမှတ် ၁၂/ကမရ(နိုင်)၀၀၂၂၈၂ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးကဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှစ၍ ၁၀ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ဘော် LL.B, DBL, DML., DIL
ဒေါ်အေးအေးစိုး B.Sc, Hon (IC), HGP, R.L, DBL
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၂၇(က)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁–၂၉၄၈၆၆၊ ၀၉–၅၀၁ ၇၀၄၄။

အများသိစေရန်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၃၀/ခနေ ဦးမင်းမင်း၊ ဒေါ်စောစန္ဒာသိန်းတို့၏တရားဝင် လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ ၁လမ်း၊ တိုက် ၈၊ အခန်း ၀၀၂နှင့် ပတ်သက်၍ ဦးမင်းမင်း၊ ဒေါ်စောစန္ဒာသိန်းတို့၏ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ ငှားရမ်း၊ အမည်ပြောင်းခြင်းမပြုလုပ်ရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးတင်ယု (ဆကာကြီး)	**ဒေါ်ခိုင်မေလှိုင် (LL.B)**
စဉ်–၈၂၉၃	**စဉ်–၂၄၄၂၆**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အခန်းအမှတ် ၁၀၄(D)၊ ပထမထပ်၊ တိုက် ၁၀/၁၂၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၃၈၈၂၄၄(၁၁၃)။



လယ်တီ ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

လယ်တီ ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် သြဝါဒါစရိယဆရာတော်ကြီးများ၏သြဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၀၅)ကြိမ်မြောက် လယ်တီ ဝိပဿနာ ခုနစ်ရက်တရားစခန်းကို မတ်၂ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၅၃၄၃၂၉ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

အမှတ် ၁၇၂ အနော်ရထာလမ်း ၄၅လမ်းထောင့် ဗိုလ်တထောင်မြို့နယ်နေ ဦးဘဝမ်း–ဒေါ်တင်ညွန့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်ဆယ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးညွန့်က လက်ခံယူစဉ်။ (က–ပ)

ယနေ့ မီးဘေးကြိုတင် ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

တပ်မတော်စစ်သမိုင်းပြတိုက် ခေတ္တပိတ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကျင်းပနိုင်ရေး ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်နိုင်ရန် မတ်၁ရက်မှစတင်၍ ပြည်သူလူထုအား အခကြေးငွေယူ၍ ဖွင့်လှစ်ပြသခြင်းကို ခေတ္တပိတ်ထားမည်ဖြစ်ပြီး ၂၀၀၇ခုနှစ် မတ်၂၆ရက်တွင် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပြပွဲအဖြစ် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂)မီးသတ်စခန်းနှင့် အမှတ်(၄) မီးသတ်စခန်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဲစေတီ ငွေသောင်ကမ်းက လွမ်းလှတယ်လေး

"ရာသီမိန်ငယ်၊ ဂိမှာန်ရက်ပြောင်း
လတပေါင်းမို့၊ ရွက်ဟောင်းကြွေကာ
ဥတ္တရာနှင့်၊ ကြယ်မှာဘဒြပိုဒ်
လေးချက်ချိန်ကို၊ တိမ်ခြေဆိုက်လို့
စရိုက်ကယ်ဖွေရှာ၊ ကိုတံငါလည်း
ဘာသာဒေါင်ဒင်၊ ပျော်မြူးသာရွှင်တော့တယ်
သဘင်လခါမီကို၊ သဲစေတီငွေသောင်ကမ်းက
လွမ်းလှတယ်လေး။"

မဟာအတုလမင်းကြီး

"လတကာထက် နှိုင်းရာဖက်ရှောင် လများနောင်ကား၊ တောင်လည်းသာမော၊ တောလည်းသာထွေ၊ ရေလဲသာလှ၊ ဖြူစွသောင်ပြင်၊ ငှက်ပေါင်းရွှင်၍၊ သဘင်အညီ၊ သဲစေတီဟု မြှောက်ချီရွှင်ပ၊ လှူဒါန်းကြလျက်"ဟု ဆိုသည့်ရွှာသား ဦးအောင်ကြီးက ၎င်း၏ တပေါင်းလဘွဲ့လူးတားတွင် ရေးဖွဲ့ခဲ့သည်။

မြန်မာတို့၏ ဆယ့်နှစ်လရာသီ စက်ဝန်းသည် မှန်မှန် လည်ပတ်နေသည်နှင့်အမျှ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးတို့သည်လည်း အလှည့်ကျပြောင်းလဲနေကြပါသည်။ ဥတုသုံးပါးတွင် ကြည်နူးဖွယ်အကောင်းဆုံး ဥတုမှာ နွေဥတုဖြစ်ပါသည်။ ထိုဂိမှာန်တ နွေရာသီတွင်မှ အသာယာဆုံးလသည် သာယာမှုအပေါင်း သရဖူဆောင်းနေသည့် နွေဦးဆန်းစ တပေါင်းလဖြစ်ပါသည်။

တပေါင်းလတွင် ထန်းရည်များကို ပေါင်းစပ်ကျိုချက်သဖြင့် "ထန်းပေါင်းလ"ဟူ၍ ခေါ်တွင်လာရာမှ ရွေ့လျားကာ "တပေါင်းလ" ဟူ၍ ခေါ်တွင်ကြောင်း ပညာရှင်များက ဆိုကြသည်။ ဗေဒင်အလိုအားဖြင့် တပေါင်းလကို မိန်ရာသီဟု ခေါ်သည်။ ရာသီရုပ်မှာ ငါးနှစ်ကောင်ဖြစ်သည်။ စန်းယှဉ်နက္ခတ်မှာ ဥတ္တရဖလဂုနီ ဖြစ်သည်။

လတပေါင်းသည် ဆယ့်နှစ်လရာသီအနက် နောက်ဆုံးလ ဖြစ်၍ ဆောင်းမှနွေသို့ ကူးပြောင်းသောလ ဖြစ်သည်။

တပေါင်းလသည် နှစ်တစ်နှစ်၏နောက်ဆုံးလ ဖြစ်၏။ ဆောင်းကြွင်းနွေဦးရာသီထူးလည်း ဖြစ်ပေသည်။ နွေဦးဆန်းစ တပေါင်းလတွင် ရွက်ဝါတို့ကြွေ၍ ရွက်သစ်ဝေကြပါသည်။ ရော်ရွက်ဝါတို့ မြေသက်ဆင်းအနားယူခြင်း ဖြစ်စဉ်နှင့်အတူ ပုရစ်ဖူးရွက်နု အဦးအဖျား အားအင်သစ်ရွက်နုဖူးလေးများသည် ဥသြငှက်ငယ်တို့၏ သာယာစွာ မြည်ကြွေးသံတို့နှင့် အလှချင်းပြိုင်လျက်ရှိပါသည်။ ဥသြငှက်ငယ်၏ မြည်ကြွေးသံသည် နွေသရုပ်ကို ဖော်ထုတ်ပြသလျက် ရှိပါသည်။

ဆောင်းလည်းပီပီ မကုန်သေး၍ နှင်းငွေ့တို့ ကျန်နေပါသေးသည်။ တောင်လေအဝှေ့ဝယ် နှင်းရည်စက်တို့ ပါလာတတ်သည်။ မင်းလွင်မြူခိုးတို့ကလည်း ထစပြုလေရာ "မြူမှုန်တစ်ဝိုက်၊ နှင်းတစ်သိုက်ကယ်"နှင့် ထက်ဝန်းကျင်တွင် မှိုင်းရီ၍ နေပါတော့သည်။

တပေါင်းလရာသီတွင် ကိုတောင်သူတို့ လုပ်ငန်းခွင် သိမ်းလေပြီ။ စပါးတောင်လိုပုံလေပြီ။ နွေစပါးတွေ ပျိုးထောင်နေကြသည်။ ဂျုံနှင့် ပဲမျိုးစုံ စိုက်ပျိုးကြလေပြီ။ ထန်းတက်သမားများသည် ထန်းဖိုဦးချိန်ဖြစ်သဖြင့် ပြုံးပန်းဝေဆာလျက်ရှိပါသည်။

ထန်းပွင့် ထန်းခိုင် ရွှန်းမြိုင်မြိုင်ဝယ်၊ ကလိုင်လွယ်၍ အားတက်သရော ထန်းတက်နေကြပါသည်။ မြစ်ရေ ချောင်းရေထဲဝယ် ငါးကြင်းတွေဆန်၍ ငါးတန်တွေ မြူးနေသည်။ ကိုတံငါတို့က ဒေါင်ဒင်သံပေး၍ ဝမ်းရေးအတွက် ငါးရှာနေကြပါသည်။

"ရွှေနှိုင်းပိတောက်၊ လဲနှင့်ပေါက်လည်း၊ တောက်သည့်မီးရောင်၊ ပြောင်ပြောင်ညီးညီး၊ ပန်းတောင်ကြီးသို့၊ ခရီးတောဝယ်၊ မြိုင်အလယ်၌" ဟူ၍ တပေါင်းလအခါ တောလမ်းခရီး၌ ပန်းတို့ပွင့်နေကြပုံကို ရှင်အုန်းညိုက စာဖွဲ့ခဲ့ပါသည်။

တပေါင်းလသည် အာကာဘောင်မှိုင်းမို့၍ ဆိုင်းဆို့နေတတ်သော်လည်း တောတောင်တစ်ခွင်မှာ ပန်းပေါင်းစုံတို့ ပွင့်ဖူးကာ အသရေမြူးတက်ကြသည်။ တပေါင်းလ၏ ရာသီပန်းမှာ သရဖီနှင့် ပိတောက်တို့ဖြစ်သည်။

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ တပေါင်းလအခါတွင် တောလမ်းခရီးမှ ကြွခဲ့ဖူးသည်။ ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်အရ ဖခင်သုဒ္ဓေါဒနမင်းကြီးနှင့် ဆွေတော်မျိုးတော်တို့အား တရားဟောကြားရန် ကြွရောက်ခြင်း ဖြစ်သည်။ တပေါင်းလ၏ တောတောင်ရေမြေသည် အလွန်လှပသည်ဖြစ်ရာ တောလမ်းခရီးမှ ကြွလာသော ဘုရားရှင်နှင့် သံဃာတော်တို့လည်း စိတ်ကြည်နူးချမ်းမြေ့ကြသည်။

ကာဠုဒါယီမထေရ်သည် မြတ်စွာဘုရားသခင်အား စတင်လျှောက်ထားစဉ်ကပင် တပေါင်းလ၏ သာယာပုံများကို ထုတ်ဖော်ဂါထာဖွဲ့၍ လျှောက်ထားခဲ့ခြင်းဖြစ်သည်။ ဂါထာပုဒ်ရေပေါင်း ၆၄ ပုဒ်ရှိသည်။ မှတ်ရလွယ်အောင် ဂါထာ ခြောက်ဆယ်ဟု ခေါ်ကြသည်။

ဂေါတမဘုရားရှင် ပွင့်တော်မူစဉ်က သားတော် ဗုဒ္ဓမြတ်စွာကို ဖူးချင်ရှာလွန်း၍ ကပိလဝတ်ပြည်သို့ အခေါ်အပင့်စေလိုက်သော သုဒ္ဓေါဒနမင်းကြီး၏ဆန္ဒကို ကာဠုဒါယီအမတ်ကြီးက ဖြည့်စွမ်းခဲ့ပါသည်။ ကပိလဝတ်ပြည်သို့ ကြွချီချင်အောင် ခရီးလမ်းအကြား ရှုမြင်ကြည်နူးရမည့် တပေါင်းလ၏ သဘာဝအလှကို ဂါထာခြောက်ဆယ်ဖြင့် စကားပန်းချီခြယ်၍ လျှောက်တင်ခဲ့ပါသည်။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

ထိုဂါထာတို့ကို အင်းဝခေတ်စာဆို ရှင်အုန်းညိုက "ဂါထာခြောက်ဆယ်ပျို့"ဟူ၍ အလင်္ကာ တန်ဆာဆင်ကာ ဖွဲ့ဆိုခဲ့ပါသည်။ ထိုပျို့တစ်နေရာတွင် "ရတုကောင်းစွာ၊ ဤအခါကား၊ သာသည့်ညင်းညင်း၊ မြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန်မသည်း၊ ပုံ့ပုံ့ဖြည်းသား၊ တိမ်မည်းမဆိုင်၊ မြည်အိုင်ရိုက်ကြူး၊ မင်းလွင်မြူးသား" စသည်ဖြင့် ဖွဲ့ဆိုထားသည်မှာ တပေါင်းလသရုပ် ပေါ်လွင်လှပါသည်။ မြန်မာတစ်နိုင်ငံလုံးမှ တန်ခိုးကြီး သမိုင်းဝင်ဘုရားများ၏ တပေါင်း ဗုဒ္ဓပူဇနိယပွဲတော်ကြီးများအဖြစ် ခြိမ့်ခြိမ့်သဲသဲ စည်ကားစွာ ကျင်းပလျက်ရှိပါသည်။ အထင်ရှားဆုံး ပွဲတော်များမှာ လေးဆူဓာတ်ပုံ ရွှေတိဂုံ၊ မကွေးမြို့စွန် မြသလွန်၊ ရွှေစက်တော်၊ မြတ်မော်တင် စသည်တို့ဖြစ်ကြပါသည်။

မြန်မာ့ကျက်သရေဆောင် ရွှေတိဂုံစေတီတော်ကြီး၏ ဘုရားပွဲတော်ကို ဤလတပေါင်း၌ပင် ကျင်းပလေ့ရှိပါသည်။ ဘုရားခြေတော်ရင်း၌ ဈေးဆိုင်တန်းများဖြင့် စည်ကားသိုက်မြိုက်လှ၏။ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာသူများကလည်း ဘုရားရင်ပြင်တော်ပေါ်တွင် ခြေချစရာ ရှားလောက်အောင် များပြားလှ၏။

တပေါင်းအချိန်အခါ၌ အမြို့မြို့ အရွာရွာတွင် ဘုရားပွဲတော်များ ကျင်းပလျက်ရှိသည်။ ရွာဦးစေတီ ဆုတောင်းပြည့် ဘုရားပွဲတော်များကို နှစ်စဉ် ကျင်းပကြပါသည်။ အားကျ ဂုဏ်ယူဖွယ်ကောင်းသော မြန်မာ့ဓလေ့စရိုက် တောရွာဓလေ့စရိုက်တစ်ရပ် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုတစ်ရပ်ဖြစ်သော မြန်မာ့ တပေါင်းပွဲတော်ကို အစဉ်အလာမပျက် ကျင်းပရေးအတွက် မြန်မာတို့က ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ တပေါင်းလတွင် သဲပုံစေတီပွဲများ ကျင်းပကြသည်။ မြစ်ကြောင်းများ ရေစစ်ကာ ကမ်းစပ်များတွင် သောင်ထွန်းသောကာလ ဖြစ်၏။ နေပူရှိန်ရ၍ သဲများ ဖြူဖွေးနုရွှ၍ သန့်စင်သောကာလ ဖြစ်ပါသည်။

သဲပုံစေတီမှာ ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီဟူ၍ စေတီလေးပါးရှိသည့်အနက် တစ်ပါး အပါအဝင် ဖြစ်သည်။ မြတ်စွာဘုရားကိုယ်တော်အား ရည်မှတ်၍ တည်ထားကိုးကွယ်သောကြောင့် ဥဒ္ဒိဿစေတီ ဖြစ်ပေသည်။

ရှေးအခါက သဲစေတီ တည်ထားကိုးကွယ်မှုမှာ များပြားလှ၏။ မြန်မာဘုရင်များလက်ထက်က သဲပုံစေတီပွဲကို တပေါင်းလ၏ ရာသီပွဲတော်အဖြစ် သတ်မှတ်ပေးခဲ့သည်။ ရွှေနန်းတော်ကြီးမှသည် ကျေးလက်တောရွာများအထိ ဘုရားပွဲတော်များ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြပါသည်။

မင်း၊ မိဖုရားများကလည်း မင်းညီမင်းသား၊ မှူးတော် မတ်တော်များခြံရံလျက် သောင်ပြင်သို့ထွက်ကာ သဲပုံစေတီတည်ပြီး ပူဇော်ကန်တော့ကြသည်။ ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပပေးသည်။

သဲပုံစေတီတည်ထားရာတွင် သဲများမြဲရန် ဝါးရိုင်ပတ် အစရှိသည်တို့ကို အသုံးပြုရ၏။ ရိုင်ပတ်များကို အဆင့်ငါးဆင့် ပြုလုပ်ရသည်။ မြင်းမိုရ်တောင်ရှိ အာလိန်ငါးဆင့်ကို ရည်ရွယ်ဟန်ရှိ၏။ ရိုင်ပတ်အတွင်းသို့ သန့်ရှင်းစင်ကြယ်ဖြူလွှသော သဲများကို အပြည့်သိပ်ပြီးလျှင် စေတီပုံတည်ထားသည်။ ထို့နောက်တွင်မှ တံခွန်ကုက္ကားနှင့် လှူဖွယ်ပစ္စည်း အဝဝကို လှူဒါန်းပူဇော်ကြတော့သည်။

သဲပုံစေတီပွဲတော်သည် ဗုဒ္ဓဘာသာမှ ဆင်းသက်လာသည့် မြန်မာယဉ်ကျေးမှုပွဲတော်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ စတင်ထွန်းကားလာချိန်ကပင် ရှိခဲ့သောပွဲတော် ဖြစ်ပါသည်။ အနော်ရထာမင်းစောဟုခေါ်ကြသည့် အနုရုဒ္ဓဒေဝမင်းသည် ပုဂံမြို့အနီးရှိ ဧရာဝတီမြစ်ကမ်းသဲခုံပေါ်တွင် စွယ်တော်မြတ်ကို ဌာပနာ၍ စေတီတော်ကြီးတစ်ဆူ တည်ထားခဲ့သည်။ ထိုစေတီတော်ကြီးမှာ သဲခုံပေါ်တွင် တည်ထားသဖြင့် ရွှေစည်းခုံစေတီဟု ဘွဲ့တော်သတ်မှတ်ခဲ့ရာ ယခုတိုင် အထင်အရှားတည်ရှိနေပါသည်။

ထိုပွဲတော်အကြောင်းကို အစောဆုံးတွေ့ရသည့် ရှေးဟောင်း စာပေသည် အင်းဝခေတ်စာဆိုအကျော် ရှင်မဟာသီလဝံသ ဖွဲ့ဆိုသည့် ဗုဒ္ဓပ္ပတ္တိပျို့ ဖြစ်ပါသည်။ ထိုပျို့ (စာမျက်နှာ–၂၇) တပေါင်းလဘွဲ့တွင်–

"ငါးတန် ငါးကြင်း၊ ရွှေတသင်းတို့၊ မြစ်တွင်းမြူးပျော်၊ စင်ရော်မြစ်ထွေး၊ ချစ်သံလေးနှင့်၊ ရေကျေး ရေငှက်၊ စက္ကဝက်ဟသာ်၊ ငှက်တကာလည်း၊ ဘာသာကျူးကျော်၊ မြူးပျော်ကြတုံ၊ ငွေသောင်ခုံဝယ်၊ သဲပုံစေတီ၊ ပွဲတော်ပြီတည်း"

ဟု တွေ့ရှိရာ အင်းဝခေတ်၌ သဲပုံစေတီပွဲတော်ရှိနေပြီ ဖြစ်ကြောင်း အသေအချာ သိရပေသည်။

သဲပုံစေတီ တည်ထားကိုးကွယ်ခြင်းသည် ရှေးကမ္ဘာ အသင်္ချေကပင်ရှိခဲ့သော ဘာသာယဉ်ကျေးမှုဖြစ်သည်ဟု ဗုဒ္ဓသာသနိက ကျမ်းများ၌ ဖော်ပြထားပါသည်။

ရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းကာလက ဒေဝလမည်သော ရသေ့တစ်ပါး ရှိခဲ့ဖူးလေသည်။ ထိုရသေ့သည် ဟိမဝန္တာတောင်တွင် နတ်တို့ဖန်ဆင်းပေးသော ကျောင်းသင်္ခမ်း၌ နေထိုင်သည်။ ထိုရသေ့တွင် အလုပ်အကျွေး တပည့်ပေါင်း ထောင်သောင်းမက ရှိပါသည်။ ရသေ့ဆရာကြီး ဒေဝလသည် ကျောင်းသင်္ခမ်းမှထွက်၍ သဲများကို စေတီပြုပြီး (ဝါ) သဲပုံစေတီတည်ပြီး ပန်းအမျိုးမျိုးတို့ဖြင့် ထိုစေတီကို ပူဇော်ပါသည်။ သဲပုံစေတီ၌ မြတ်စွာဘုရားတို့၏ ဂုဏ်တော်တည်းဟူသော အာရုံနိမိတ်ကိုယူ၍ ကြည်လင်သန့်စင်သော စိတ်ဓာတ်ကို ဖြစ်ပြီးမှ သင်္ခမ်းကျောင်းသို့ ပြန်လာခဲ့သည်။ တပည့်များသည် ဆရာရသေ့ကြီး၏ ထူးခြားသော အချင်းအရာကို မြင်တွေ့ရသောအခါ ဆရာရသေ့ကြီးထံ တစုတဝေးတည်း ရောက်လာကြပြီး သဲပုံစေတီတည်၍ ရှိခိုးပူဇော်သည့် အကြောင်းကို မေးမြန်းကြသည်။

ထိုအခါ ရသေ့ကြီးက "ငါ့ရှင်တို့... ရှေးဟောင်းဗေဒင်ကျမ်းများ၌ အခြံအရံများစွာရှိသော သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်ကို ညွှန်ပြထားသည် မဟုတ်လော။ ထိုဘုရားရှင်ကို ရည်မှန်း၍ သဲပုံစေတီကို ငါရှိခိုးပူဇော်၏"ဟု ပြောကြားသည်။ ထို့နောက် တပည့်ရသေ့များက ထပ်ဆင့် မေးမြန်းကြသဖြင့် မြတ်စွာဘုရားတို့၏ လက္ခဏာတော်များနှင့် အံ့သြဖွယ်ရာ သဘောဓမ္မတာများ၊ ဂုဏ်ကျေးဇူးတော်များနှင့် အကျင့်သီလများကို ကြည်ညိုဖွယ်ရာ ဆက်လက် မိန့်ကြားတော်မူလေသည်။ ထိုအခါ တပည့်အပေါင်းတို့သည် ဆရာရသေ့ကြီး၏စကားကို ယုံကြည်လက်ခံကြ၍ ဆရာကြီး၏ ဩဝါဒအတိုင်း ကျင့်ကြံအားထုတ်ကြကာ ဘုရားရှင်တို့၏ ယုံကြည်လေးစားသော စိတ်ထားဖြင့် သဲပုံစေတီကို အကြိမ်ကြိမ် ပူဇော်ကြဖူးလေသည်။

ဤသို့ ဗုဒ္ဓသာသနိကကျမ်းလာ ကိုးကွယ်ဆည်းကပ်မှုကို အတုယူ၍ ရှေးမြန်မာတို့သည် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတစ်ခုအနေဖြင့် မြစ်ချောင်းများ၌ သဲအလွယ်တကူရနိုင်သည့် တပေါင်းလရာသီတွင် သဲပုံစေတီပွဲတော်ကို ဆင်နွှဲကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

ရှေးနှစ်ပေါင်းများစွာမှစ၍ ကျင်းပခဲ့သော သဲပုံစေတီပွဲတော်သည် တပေါင်းလ၏ ရာသီပွဲတော်တစ်ခုဖြစ်ပါကြောင်းနှင့် ဗုဒ္ဓဘုရားရှင်ကို ရည်စူး၍ တပေါင်းလရောက်တိုင်း စဉ်လာမပျက် ယနေ့တိုင် ကျင်းပလျက်ရှိကြသော ဗုဒ္ဓပူဇနိယပွဲတော်များသည် စည်ကားသိုက်မြိုက်လှပြီး ကြည်နူးချမ်းမြေ့ဖွယ်ရှိလှပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

မြေယာရှုခင်း

ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၉ရက်က အဖွဲ့ပိုင်ရုံးရှေ့ မျက်နှာစာတွင် တာဝန်ခံ အင်ဂျင်နီယာ ဦးကိုကိုနိုင် ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ မြေယာရှုခင်းအလှ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် ဒုတိယဦးစီးမှူး ဦးဝင်းနိုင်တို့ ကြပ်မတ်ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

စက်ရေတွင်း တူးဖော်

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ပျဉ်းမစခန်းကျေးရွာတွင် လေးလက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျောက်တန်း ကျိုက်မှော်ဝန်းရေလယ်စေတီ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ကျောက်တန်း ဖေဖော်ဝါရီ ၂၅

ကျောက်တန်းမြို့ ကျိုက်မှော်ဝန်းရေလယ်စေတီတော် (၉၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၈နာရီက ရေလယ်ဘုရားလမ်းရှိ ဗုဒ္ဓပူဇနီယပွဲတော်မုခ်ဦး၌ ကျင်းပရာ ပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဦးစီးမှူးများ၊ မြို့ပေါ်ရပ်ကွက်များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျိုက်မှော်ဝန်းရေလယ်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်ခင်နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(၁၀၉)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ် မဟာ ရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်း ဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကင်းမြို့နယ်နေ ဦးတင်လှ-ဒေါ်သန်းစိန် မိသားစုနှင့် (မေစတားကုမ္ပဏီ နေပြည်တော်) ဦးသန်းထိုက်-ဒေါ်စန္ဒာဝင်း မိသားစုတို့က အလှူငွေကျပ်တစ်သိန်းနှစ်သောင်းခြောက်ထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် တိလောကာရုံကျောင်း ဆရာတော် ဦးနန္ဒိယထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ပဂိုက် ကြံခင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းလမ်း ကျေးရွာချင်းဆက် မဂ္ဂင်ချောင်းကူး သံကူကွန်ကရစ် တံတား တည်ဆောက်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၂ရက်က ပဂိုက် ကြံခင်းကျောင်းတိုက်ကြီး၌ ကျင်းပသည်။

ကျိုက်လတ် မဂ္ဂင်ချောင်းကူးတံတားဆောက်ရန် ငွေလှူဒါန်း

ယင်းနောက် အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ လယ်တီဆရာတော်နှင့် နှစ်ဖက်မိဘများကို အမှူးထား၍ ဦးစန်းကြည်-ဒေါ်မူမူသန့် (ပတ်ကားရွှေဆိုင်) ရန်ကုန်မြို့က တံတား သုံးခန်းအတွက် ငွေကျပ် ကိုးသိန်း၊ လယ်တီဆရာတော်အား အမှူးထား၍ ဦးဆန်းဝင်း-ဒေါ်သန္တာ မိသားစု သုဝဏ္ဏမြို့ကတစ်ခန်းအတွက် ငွေကျပ် သုံးသိန်း၊ ဖခင်ဦးညို- မိခင်ဒေါ်အေးအား ရည်စူး၍ လယ်တီဆရာတော် အာသဘနှင့်ဦးစံတင်- ဒေါ်တင်တင်ညို၊သမီးမကေတုမာလာ(စင်ကာပူ) မိသားစုက ငွေကျပ် သုံးသိန်း၊ လယ်တီဆရာတော်အား အမှူးထား၍ ဦးလှမောင်-ဒေါ်ပြုံးပြုံး၊ သမီး မတင်နန်းလှိုင်၊ မမီမီထွေးမိသားစု ဒဂုံမြို့သစ် (မြောက်ပိုင်း)က ငွေကျပ်သုံးသိန်း၊ ဆရာတော်သုဇာတနှင့် ခရမ်းမြို့နယ် အလှူရှင်များက ငွေ ကျပ် ၁၇၀၀၀၀၊ နှစ်ဖက်မိဘများကို အမှူး ထား၍ ဒေါက်တာကျော်မြင့်၊ ဗိုလ်မှူး ဒေါ်စန်းစန်းဝင်း မိသားစုက ငွေကျပ်လေးသောင်း၊ ပဂိုက်ကြံခင်း ကျောင်းတိုက်ဆရာတော်က ငွေကျပ်သုံးသိန်း၊ ရန်ကုန်မှန်ကျောင်း ဆရာတော် ဦးကဋ္ဌနနှင့် ရဟန်းဒါယကာ ဦးကြီးရှိန်-ဒေါ်လှရင် (လေးအိမ်တန်းရွာ)က ငွေ ကျပ်သုံးသိန်း၊ ဦးဟံကြီး-ဒေါ်သန်းစိန် မိသားစု (ကြံခင်းရွာ)က ငွေကျပ် သုံးသိန်း၊ ရဟန်းအမ ဒေါ်အမာ၊ သမီးမလွင်မျိုးမော်(ခ) မပိုက်(ကြံခင်းရွာ)က ငွေကျပ်သုံးသိန်း၊ ဒေါ်ဂျမ်း၊ သား မောင်သန်းလှိုင် (ဂဒိတ်ရွာ)က ငွေကျပ် သုံးသိန်း၊ မောင်မြင့်၊ မသင်းသင်းဆွေ မိသားစု (ဂဒိတ်ရွာ)က ငွေကျပ်သုံးသိန်း၊ ဦးအုံးမြင့်- ဒေါ်သိန်းမြင့် မိသားစု (ဂဒိတ်ရွာ)က ငွေကျပ်သုံးသိန်း၊ နှစ်ဖက် မိဘများအား ရည်စူး၍ (ဦးခ)-ဒေါ်စန်း (ပင်လယ်အောင်လှိုင်ရွာ)မိသားစုက ငွေကျပ်၁၀သိန်း၊ဒေါ်ကြင်ရှိန် မိသားစု (မြောက်ဥက္ကလာပ)က ငွေကျပ် ငါးသိန်း၊ မိခင်ဒေါ်စန်းအား ရည်စူး၍ မဌေးဌေးမွန် မိသားစု(ရန်ကုန်)က ငွေကျပ်သုံးသိန်း၊ မိခင်ကြီးအား ရည်စူး၍ သမီး မထိုက်ထိုက်ဟံက ငွေကျပ် သုံးသိန်းနှင့် ရန်ကုန်မှန်ကျောင်း ဆရာတော်ဦးကဋ္ဌနနှင့် ဦးမြင့်သိန်း၊ ဒေါ်ကြင်လှိုင်မိသားစုက ငွေကျပ် သုံးသိန်းတို့ကို ကျေးရွာချင်းဆက် မဂ္ဂင်ချောင်းကူး တံတားအတွက် လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။**(က-ပ)**

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ လှူဒါန်းပွဲ ပေါင်းတည်၌ ကျင်းပ

ပေါင်းတည် ဇန်နဝါရီ ၃၀

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ရွှေဘုန်းပွင့်စာကြည့် ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်းက ပြည်ခရိုင် ပေါင်းတည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၆ရက် နံနက် ၁၀နာရီက ပြည်မြို့ ရွှေဘုန်းပွင့်စာကြည့်ပိဋကတ်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေဘုန်းပွင့် စာကြည့် ပိဋကတ်တိုက်အသင်းဥက္ကဋ္ဌ ဦးခင်မြင့်က စာအုပ်စာစောင်များ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးစိန်တိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ရွှေဘုန်းပွင့် စာကြည့် ပိဋကတ်တိုက်အသင်းဥက္ကဋ္ဌ ဦးခင်မြင့်က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ **(ယာပုံ)** ပေါင်းတည်မြို့နယ် ဦးစီးမှူး ဦးမောင်မောင်နိုင်နှင့် စာကြည့်တိုက်မှူး ဒေါ်ဝင်းရည်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ရွှေဘုန်းပွင့်စာကြည့်ပိဋကတ်တိုက်မှ လှူဒါန်းသော စာအုပ်၊ စာစောင် ပေါင်းမှာ ၆၉၃ အုပ်ဖြစ်ပြီး တန်ဖိုးငွေကျပ် ၂၄၀၈၃၀ ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်ဇေယျဈေး၊ မြို့ဈေးနှင့် နှစ်ထပ်ဈေးများတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၄ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးမြင့်သန်းနှင့် ဒုတိယဦးစီးမှူး(အခွန်) ဦးသန်းဌေးတို့က ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အဖွဲ့ဝင်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်း၍ ဇာတ်တိုက် လေ့ကျင့်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

အနေ့ယာဉ်လိုင်စင်များ ပြည့်စုံစွာရှိရေးစစ်ဆေး

မြင်းခြံ ဖေဖော်ဝါရီ ၁၀

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးတင့်ဝေ၊ ဦးမြင့်လွင်၊ ဒုတိယဦးစီးမှူး(စည်းကမ်း)နှင့် စည်းကမ်းထိန်းသိမ်းရေးဝန်ထမ်းများသည် အနေ့ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်ရေး၊ သတ်မှတ်ထားသည့် အနေ့ယာဉ် စည်းကမ်းများ လိုက်နာဆောင်ရွက်ရေး၊ ဆိုက်ကားယာဉ်များ ကြံ့ခိုင်မှု၊ အနေ့ယာဉ်လိုင်စင်များ ပြည့်စုံစွာရှိမှုတို့ကို ဇန်နဝါရီ ၁၅ရက်က မြင်းခြံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း ဆိုက်ကားဂိတ်နှင့် လမ်းဆုံ၊ လမ်းခွ ခုနစ်နေရာတို့တွင် စစ်ဆေးဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်

နွားထိုးကြီး ဖေဖော်ဝါရီ ၅

(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကျပန်း စကားပြောပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက် နံနက် ၉ နာရီက မြို့နယ်အခြေခံပညာ အထက်တန်းကျောင်း အောင်သူရိန်ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲ အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးသန့်ဆွေက အမှာ စကား ပြောကြားကာ အကဲဖြတ် အမှတ်ပေးအဖွဲ့ဥက္ကဋ္ဌ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးကျော်ငြိမ်းက ပြိုင်ပွဲ စည်းမျဉ်းများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကျပန်းစကားပြော ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ကျောင်းသူ ကျောင်းသား ၁၄ဦး ပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆုရ၊ ဒုတိယဆုရ တတိယဆု ရရှိသူများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးရဲမြင့်မောင်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

(၂၁၃)

ဆုချီးမြှင့်

သုံးခွမြို့နယ် အမက(၁၁) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြရွှေက သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မဝတ်ရည်နန္ဒာအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စမ်းဘုတ်ကျေးရွာ နှစ်လက်မစက်ရေတွင်းနှင့်အများသုံးရေကန် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၃ရက်က အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် စမ်းဘုတ်ကျေးရွာဥက္ကဋ္ဌ ဦးကျော်မြသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ မလှိုင်မြို့၌ကျင်းပ

မလှိုင် ဖေဖော်ဝါရီ ၂၀

မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ၁၁ရက်က မလှိုင်မြို့ ရွှေမုဋ္ဌောဘုရားကြီး၏ အနောက်ဘက် ဝတ္တကမြေ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး အကဲဖြတ်ဒိုင်ချုပ် မြို့နယ်တရားသူကြီး ဦးဌေးလွင်က ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထမနဲထိုးပြိုင်ပွဲကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်း၊ မြို့နယ်တရားသူကြီး ဦးဌေးလွင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရွှေနန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ဆုချီးမြှင့်

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၄သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆုရ ဆန်ကုန်သည်ကြီးများအသင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်းက ဆုငွေကျပ် ငါးသောင်း၊ ဒုတိယဆုရ ရပ်ကွက်ကြီး(၄)အသင်းအား ဒုတိယရဲမှူးဝင်းဇော်က ငွေကျပ်သုံးသောင်း၊ တတိယဆုရ သီးနှံစုံရောင်းဝယ်ရေးအသင်းအား မြို့နယ်အတွင်းရေးမှူးဦးထင်ကျော်က ငွေကျပ်နှစ်သောင်းနှင့် နှစ်သိမ့်ဆုရသူများကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်ဝင်းက ဆုငွေကျပ်သုံးထောင်စီ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(၄၁၉)**

ကျောင်းကျန်းမာရေး ပညာပေးတတ်မြောက်မှုစစ်ဆေး

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၄

ပဥ္စမအကြိမ်မြောက် ကျောင်းကျန်းမာရေး ပညာပေးတတ်မြောက်မှု စစ်ဆေးခြင်းနှင့် သွားကျန်းမာရေးသီချင်းပြိုင်ပွဲဆုပေးပွဲကို ဖေဖော်ဝါရီ ၁၇ရက် ညနေ ၃နာရီက မော်လမြိုင်ကျွန်းမြို့ အောင်သုခမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းထိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမ၊ ကျောင်းသူကျောင်းသားများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာအေးအေးမော်က ကျောင်းကျန်းမာရေးပညာပေး တတ်မြောက်မှု စာမေးပွဲစစ်ဆေးရခြင်းနှင့် သွားကျန်းမာရေး သီချင်းပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

သီချင်းပြိုင်

ယင်းနောက် ဆုပေးပွဲတွင် သွားကျန်းမာရေး သီချင်းပြိုင်ပွဲ ပထမဆုရရှိသော အောင်သုခမူလတန်းကျောင်းအား ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာအေးအေးမော်က ဆုချီးမြှင့်ရာ ကျောင်းအုပ်ကြီးဦးခင်မောင်သိန်းက လက်ခံရယူသည်။ သွားကျန်းမာရေး သီချင်းပြိုင်ပွဲ ဒုတိယဆုကို နယ်မြေခံတပ်နယ် မူလတန်းကျောင်းက ရရှိသည်။

ဆုပေးအပ်

ထို့နောက် ကျောင်းကျန်းမာရေး ပညာပေးတတ်မြောက်မှု စာမေးပွဲတွင် ပထမဆုကို အောင်သုခ မူလတန်းကျောင်း၊ ဒုတိယဆုကို အေ ၉ လမ်းမူလတန်းကျောင်း၊ တတိယဆုကို ချမ်းမြေ့သာယာမူလတန်းကျောင်းနှင့် ပူးတွဲ တတိယဆုကို ပစ္ဆိမာရုံဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့က ရရှိကြရာ ဆုများကို ကျောင်းကျန်းမာရေးအဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၀၉၇)**

သာဂရဈေးအတွင်း ရေမြောင်းများတူးဖော်

ရေတာရှည် ဖေဖော်ဝါရီ ၅

ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သာဂရဈေးအတွင်း ရေမြောင်းများ တူးဖော်ခြင်း၊ ဈေးတွင်းဈေးပြင် အမှိုက်များ စုပေါင်းသိမ်းဆည်းခြင်း၊ ဈေးရှေ့ရေမြောင်းများ တူးဖော်ခြင်းတို့ကို ဇန်နဝါရီ ၂၅ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျေးရွာမီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို လက်ထောက်အင်ဂျင်နီယာ ဦးလှိုင်မြင့်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မောင်တောမြို့၌ ကျောက်ချောခင်း

မောင်တော ဇန်နဝါရီ ၃၀

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဇန်နဝါရီ ၁၂ရက်က မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော အိတာလျာကျေးရွာသွားလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ထားဝယ်မြို့ မင်္ဂလာမျှော်အင်းကန်တွင် ရေပေးဝေမှုကို ဖေဖော်ဝါရီ ၈ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

မတ္တရာမြို့ ယင်းမာလမ်း ကတ္တရာလမ်းသစ်ဖွင့်

မတ္တရာ ဖေဖော်ဝါရီ ၅

မတ္တရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ခဲ့သော ယင်းမာလမ်းအရှည်ပေ ၁၅၃၀၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်နံနက် ၉နာရီက ယင်းမာလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် အမှုဆောင်အရာရှိ ဦးအောင်ဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ဆောင်ရွက်

အဆိုပါ ယင်းမာလမ်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၄၀၅၀၀၀ ဖြစ်ပြီး ယခုအခါ ပြည်သူများနှင့် ရဟန်း သံဃာတော်များ၊ ကျောင်းသား ကျောင်းသူများ သွားလာရေး အဆင်ပြေချောမွေ့ပြီး သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးဦးတင်လှိုင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၁ရက်က ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးသန့်ရှင်းရေးနှင့် သားငါးရောင်းချမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဇော်၊ တာဝန်ခံ အင်ဂျင်နီယာနှင့် ဈေးတာဝန်ခံတို့က ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြစဉ်။(၀၆၄)

ဓမ္မသင်္ဂဏီပါဠိတော်ကျမ်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အဘိဓမ္မာ ပိဋကဝင် ဓမ္မသင်္ဂဏီပါဠိတော်ကျမ်းအတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ အစိုးရဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတထံသို့ တောင်ဥက္ကလာပမြို့နယ် အမှတ် ၉ ရပ်ကွက် သူရ ၄ လမ်း အမှတ် ၁၄၂ နေ ဦးတင်တိုး-ဒေါ်ခင်လေး သားသမီးတစ်စုနှင့် ကိုအောင်စိုးလင်း-မစုသဲလှိုင်မိသားစု၊ ဧရာဝတီတိုင်း ကြံခင်းမြို့ သိပ္ပံလမ်း အမှတ် ၁၀၃နေ စိန်ဆီစက်ပိုင်ရှင် ဦးခင်မောင်အေး-ဒေါ်မြစိန်မိသားစု၊ တာမွေမြို့နယ် ကျောက်မြောင်း စိတ္တသုခလမ်း အမှတ် ၃၉/၅လွှာနေ မိဘနှစ်ပါး ဦးကျော်မင်း-ဒေါ်လှမြတို့အား အမှူးထား၍ သားမောင်ဇော်နိုင်မင်းမိသားစု၊ သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာဥယျာဉ် အမှတ် ၅၄/အေနေ ဦးထွန်းလင်း-ဒေါ်ချိုချိုကျော်၊ သမီး မဇင်မေလင်း၊ မအိသက်လင်း၊ မအိသဲလင်း၊ မအေးသင်းလင်းမိသားစု၊ စမ်းချောင်းမြို့နယ် လင်းလွန်းမြောက်ရပ်ကွက် သရဝဏ်ရိပ်သာ ၁ လမ်း အမှတ် ၄နေ မိဘနှစ်ပါး ဦးဌေးအောင်-ဒေါ်သန္တာဦးတို့အား အမှူးထား၍ သား မောင်ကောင်းသာ၊ သမီး မခင်သန္တာအောင်မိသားစု၊ စမ်းချောင်းမြို့နယ် ပုသိမ်လမ်း အမှတ် ၄၁ နေ ကိုဇော်-မသက်သက်မူမိသားစု၊ စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်း အမှတ် ၁၁/၅ လွှာနေ ဦးအောင်ကျော်ဇော-ဒေါ်ကြည်ကြည် မိသားစု၊ ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်သူရလမ်း အမှတ် ၆/၇ နေ ဦးဘိုကြည်-ဒေါ်မြစိန်မိသားစုနှင့်ရွှေပြည်သာမြို့နယ် အမှတ် ၆ ရပ်ကွက် ဧရာဝတီပတ်လမ်း ရွှေပေါက်တောကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော အရှင်ကေသရ (မြေပုံမြို့)တို့က ကြေးပြားတစ်ချပ်စီအတွက် ငွေကျပ် ၂၀၀၀၀စီ လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကိုဂုဏ်ပြုသောအားဖြင့် ၂၀၀၆- ၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အရှည်ပေ ၂၀၀၀ရှိ ပေါက် ခေါင်း မြို့ မြို့ပတ်(၁) ကတ္တရာလမ်းကို မြို့နယ် ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်အမှုဆောင် အရာရှိ ဦးကြည်စိုး တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၄ ရက် ၁-၃-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ရော်ဘာနည်းပညာသုံး စက်အရန်ပစ္စည်းများအကြောင်း-အပိုင်း-၃)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) နေသူရိန်၏အရှိန်အဝါ အောက်မှာ (ကျော်ဦး-ပါရမီစာပေ)
(၂) တစ်ဆယ့်နှစ်လရာသီပွဲတော် စာစီစာကုံးများ (ဦးဝမ်ထိန်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (နပျိုခြင်းနှင့် အိုမင်းခြင်း) (မောင်ဆုရှင်)

၁၂း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ကယားရိုးရာ၊ ချင်းရိုးရာစားစရာ)

ညနေပိုင်း

၁၆း၁၀ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (မြန်မာစာ)

၁၆း၂၅ ထီပေါက်စဉ်

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ ထူးဆန်းထွေလာသတင်းပဒေသာ

၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) တစ်ပွင့်ထဲပန်ပါရစေ (ချိုပြုံး)
(၂) တစ်ပွင့်ထဲပန်ပေးမယ် (မျိုးမြင့်လေး)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)

၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (တရားသောအချစ်နဲ့ စိတ်မျက်နှာ)

၁၉း၃၀ ခေတ်မရွေးသော တေးများ
(၁) မုန်းရစ်လေဦး (ကိုမင်းနောင်)
(၂) ခရီးဖော် (ချိုဝေလွင်)
(၃) မိုးပြာဆန်သူ (နေဖြူစိုးသိန်း)

၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အိပ်မက်ပေးလို့ ချစ်ရေးဆိုသလား (လီလီကြည်ညွန့်)
(၂) ချစ်ရသည်ကအသက်ထက်ဆုံး (ကိုသန်းလှိုင်)
(၃) မောင်သိစေချင်သည် (ခင်ထွေးမော်)

သင့်ဘဝအားထားရန် **G.G.A Since 1991**

လုပ်ငန်းခွင်ကျောက်မျက်သင်တန်း

ကျောက်မျက်ရတနာ	–	ခွဲခြားခြင်း၊ စစ်ဆေးခြင်း၊ တန်ဖိုးဖြတ်ခြင်း၊
ရွှေ	–	သိသင့်သောပညာရပ်များ က မှ အ အထိ၊
လက်ဝတ်ရတနာ	–	ဒီဇိုင်နာနှင့် ကျောက်ရွေးချယ်ခြင်း၊ ပန်းထိမ်အပ်နှံခြင်း၊ ပြန်လည်လက်ခံခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ရာဖြတ်ခြင်း။

အခြေခံသင်တန်း – နာရီ ၉၀ (တစ်လ)
အဆင့်မြင့်သင်တန်း – နာရီ ၉၀ (ငါးပတ်)
လစဉ်၊လဆန်း(၅)ရက်နေ့တိုင်းဖွင့်သည်။ 1967-70 G.G.A ဘွဲ့ရဆရာများကိုယ်တိုင်သင်ကြားသည်။

စုံစမ်းရန်ဖုန်း– ၂၅၄၄၁၀၊ ၄၇၄/၄၇၆ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်။





(၃၅)နှစ်ပြည့် မင်္ဂလာဆုတောင်း

အချစ်ဆုံးဘိုးဘိုးကြီး ဦးတင်မောင်(လက်ထောက်အင်ဂျင်နီယာ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် အချစ်ဆုံး ဘွားဘွားကြီး ဒေါ်ခင်အုံးမြင့် [အထက(၁) အင်းစိန်(ငြိမ်း)]တို့၏ ၂၈-၂-၂၀၀၇ရက်တွင် ကျရောက်သော (၃၅)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သား၊ သမီး၊ မြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်။

ဘိုးဘိုး – ဘွားဘွားတို့၏ အချစ်ဆုံး–
မြေးကြီး – မဆောင်းအိမ်စည်(မုန်ကလေး) (M.L.A) School
မြေးလေး – မဆောင်းရတီ (မငြလေး) (M.L.A) School။

ရွှေတိဂုံစေတီတော် ဖယောင်းပျက်နှင့် လင်းနို့ချေးရောင်းချရန်ကြော်ငြာ

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တွင် လင်းနို့ချေး ပိဿာ ၂၀၀၀ခန့်နှင့် မီးသင့် ဖယောင်းပျက် ပိဿာ ၆၀၀၀ ခန့်တို့ကို ရောင်းချရန်ရှိပါသည်။ ဝယ်ယူလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စောင်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် ဝယ်ယူ၍ တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။ ၁၄-၃-၂၀၀၇ရက် နံနက် ၁၁ နာရီ နောက်ဆုံးထား၍ ချိပ်ပိတ်တင်သွင်းနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး၌ စုံစမ်းနိုင်ပါသည်။

ဝင်းကြိုင် (ရုံးအဖွဲ့မှူး)။

စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးဆိုင်ရာစစ်ဆေး

ချောင်းဦး ဖေဖော်ဝါရီ ၁၀

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကစည်ပင်သာယာရေးနှင့်ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဦးစီးမှူး ဒေါ်လှဲလှဲစိုးနှင့်အဖွဲ့ ဖေဖော်ဝါရီ ၅ရက်က ကျန်းမာရေး ဦးစီးဌာနဝန်ထမ်းများနှင့်အတူ စားသောက်ဆိုင်တွင် ကျန်းမာရေး၊ သန့်ရှင်းရေး ညီညွတ်မှုရှိစေရေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး စက်ပစ္စည်းများကို ယှဉ်တွဲပါအရေအတွက်များအတိုင်း ဝယ်ယူလိုပါသည်–

(1) Copier (A3)	၃ လုံး
(2) Multimedia Projector	၁ လုံး
(3) Pallet Truck	၆ လုံး

၂။ တင်ဒါပေးသွင်းမှုကို ၅-၃-၂၀၀၇ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
အမှတ်၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊
ဖုန်း–၃၈၀၈၀၄။



Three Star
Air-Con ရေခဲသေတ္တာ
တပ်ဆင်၊ပြုပြင်၊ရောင်းဝယ်ရေး
Door to Door
ဆောင်ရွက်ပေးသည်။
ဖုန်း–၇၀၅၇၈၄၊ ၀၉-၅၁-၆၃၄၈၀။

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၂-၂၀၀၇ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၄)တွင် ပါရှိသော မော်လမြိုင်ကောလိပ်အာစရိယပူဇော်ပွဲကြော်ငြာတွင် ဖုန်း–၀၅၇၂၅/၄၇အစား ၀၅၇-၂၅၁၄၇ ဟုလည်းကောင်း၊ ၀၉၅-၂၀၈၉၆ အစား ၀၉၅၃-၂၀၈၉၆ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဝမ်းနည်းကြေကွဲခြင်း

ရှမ်းပြည်နယ်တရားသူကြီး ဦးမြတ်မင်း၏ဇနီး ညီမလေးလို ချစ်ခင်ရတဲ့ သီတာ ၂၃-၂-၂၀၀၇ရက်တွင် ကွယ်လွန်ကြောင်းသိရှိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။

ဦးမြင့်ကြည် –ဒေါ်စမ်းစမ်းဝင်း၊ ဦးသိန်းထွန်း–ဒေါ်ခင်ခင်ဌေး။
(ဒုတိယညွှန်ကြားရေးမှူး၊ စစစ)



ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ဦးကျော်စိန် (တိုင်းရင်းဆေးကောင်စီဝင်) ရန်ကုန်တိုင်းရင်းဆေးရုံအုပ် (ငြိမ်း)သည် ၂၃-၂-၂၀၀၇ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းရင်းဆေးသိပ္ပံဆင်းတပည့်များ၊
(အောက်မြန်မာပြည်)။

မီးဘေးကာကွယ်ရေး ငြိမ်းသတ်မှု သရုပ်ပြ

ဖျာပုံ ဖေဖော်ဝါရီ ၁၀

ပွင့်လင်းရာသီမီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို ဇန်နဝါရီ၂၈ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါမြို့တော်ခန်းမ၌ကျင်းပရာ ဖျာပုံခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းနိုင်ကြီးကြပ်မှုဖြင့် မီးငြိမ်းသတ်ပြသမှုကို ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစံသိန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးအေးကြူ၊ မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ စက်သုံးဆီအရောင်းဆိုင်များမှ ဆိုင်ရှင်များနှင့် ပြည်သူများ တက်ရောက် ကြည့်ရှုကြကြောင်း သိရသည်။ **(အောက်ပုံ)** (၁၅၈)

တောင်ငူမြို့ မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဇော်ချစ်နှင့်ဝန်ထမ်းများ၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးအေးသန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင်အဖွဲ့ဝင်များ ပူးပေါင်း၍ ဇန်နဝါရီ ၂၆ရက်က မြို့မဈေးကြီးအတွင်း လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြ ဓာတ်တိုက်လေ့ကျင့်စဉ်။ (၃၀၃)

ပျော်ဘွယ် ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး ကျပန်းစကားပြောပြိုင်၊ ဆုပေးအပ်ချီးမြှင့်

ပျော်ဘွယ် ဖေဖော်ဝါရီ ၁၀

ပျော်ဘွယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၈ရက် နံနက် ၁၀နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ် နယ်မှဗိုလ်မှူးချုပ်လှမြင့်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး အောင်ပိုင်၊ ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးတင်စိုး၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးသိန်းဝင်းနှင့် အသင်းဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးညိုမောင်နှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)နှင့် မြို့နယ်အသင်း အတွင်းရေးမှူးတို့က အမှာစကား ပြောကြား၍ ပြိုင်ပွဲကျင်းပပြီး တာဝန်ရှိသူများက ဆုရသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (၂၅၀)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ထီးလှိုင်–မလှပင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၈ရက်က အမှုဆောင်အရာရှိ ဦးစောထွန်းစိန် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်မာဝေက လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

အပန်းဖြေရိပ်သာ ဗန်းမော်မြို့၌ဆောက်လုပ်

ဗန်းမော် ဖေဖော်ဝါရီ ၇

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဝန်ထမ်းများ အပန်းဖြေအနားယူနိုင်ရန်အတွက်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ အပန်းဖြေရိပ်သာကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးစိန်မောင်မြင့် ခေါင်းဆောင်၍ ဆောက်လုပ်လျက်ရှိရာ ဇန်နဝါရီ ၃၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းတို့က ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုင်းပျင်းမြို့၌ ပန်းအလှပင်များပျိုးထောင်

မိုင်းပျင်း ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးသည် ဇန်နဝါရီ ၁၆ရက်က မိုင်းပျင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသော ပန်းအလှပင်၊ ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရောဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ်(၁) ရပ်ကွက်ရုံးသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၂ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညဏ်လှိုင်၊ မြို့မိမြို့ဖ ဦးစိုးတင့်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဌေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၂၆၅)

ရေဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးမီပြီးစီးရေး ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၇ နာရီက အမရပူရမြို့နယ် ရေဝတီမြစ်ကူးတံတား(ရတနာပုံ) တည်ဆောက်ရေး မန္တလေးဘက်ကမ်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များအား ရေဝတီမြစ်ကူးတံတား(ရတနာပုံ) ဆောက်လုပ်ရေးစီမံကိန်း ညွှန်ကြားရေးမှူး ဦးငွေးမြင့်နှင့် ဦးစန်းဝင်းတို့က တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ချဉ်းကပ်တံတား အပေါ်ထည်လုပ်ငန်း (မန္တလေးဘက်ကမ်း) ၈၉ ရာခိုင်နှုန်းပြီးစီးမှု၊ ပင်မတံတားအပေါ်ထည်လုပ်ငန်း (တံတားတစ်စင်းလုံး) ၉၄ ရာခိုင်နှုန်းပြီးစီးမှု၊ ချဉ်းကပ်လမ်းတည်ဆောက်ခြင်း၊ ချဉ်းကပ်တံတားနှင့် ပင်မတံတားပေါ်တွင် နိုင်လွန်ကတ္တရာခင်းခြင်း၊ ဆေးသုတ်ခြင်း၊ အချောထည်လုပ်ငန်း (စီမံကိန်းတစ်ခုလုံး) ၇၉ ရာခိုင်နှုန်းပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးက တံတားနှင့်ပတ်သက်သော လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်တင်ပြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရေဝတီမြစ်ကူးတံတား(ရတနာပုံ)ပေါ်သို့ မန္တလေးဘက်ကမ်းမှ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် KR-500 ကရိန်းယာဉ်များဖြင့် သံမဏိသံလုံးဆိုင်းများနှင့် ချုပ်တန်းများတပ်ဆင်နေမှုကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ကာလအတွင်း အချိန်မီ၊ အရည်အသွေးမီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကုက္ကိုဝကျေးရွာတွင် တောင်သူဦးအောင်ကြည်နှင့်အဖွဲ့ စိုက်ပျိုးထားသော မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ခင်းကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း မန်နေဂျာ ဒေါ်စန္ဒာလင်းက မြစ်သားမြို့နယ်၏ ၂၀၀၇-၂၀၀၈ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါစိုက်ပျိုးရန် *စာမျက်နှာ ၆ ကော်လံ ၁* ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရမည်းသင်းမြို့နယ်နှင့် တပ်ကုန်းမြို့နယ်ကြားတွင် လမ်းလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးလေဝသအခြေအနေ

၂၈-၂-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက မောင်တောမြို့ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ် နေမျိုးခန်းမ၌ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံသည်။ *စာမျက်နှာ ၅ ကော်လံ ၁* *

ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် စိတ်ကုန်ခန်းပြီး စိတ်ပျက်လာ ပါတီနိုင်ငံရေးကို ပါဝင်လုပ်ကိုင်လိုစိတ် မရှိတော့ခြင်းကြောင့် စစ်ကိုင်းမြို့နယ် သောင်းရင်းကျေးရွာမှ NLD ပါတီဝင် ၁၂ ဦး စုပေါင်း နုတ်ထွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် သောင်းရင်းကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးဉာဏ်သောင်း၊ ဦးဒေါင်းညို၊ ဦးဝင်းရွှေ၊ ဦးအေဝမ်းမောင်၊ ဦးထွန်းထွန်း၊ ဦးတင်စိုး၊ ဦးလှရွှေ၊ ဦးသိန်းနိုင်၊ ဒေါ်တင်စိန်၊ ဒေါ်အေးအေးနိုင်၊ ဒေါ်ကျော်သူမနှင့် ဒေါ်တင့်တို့ ၁၂ ဦးသည် ဖေဖော်ဝါရီ ၁၃ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီသည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိခြင်း၊ ခေါင်းဆောင်များ စိတ်ဝမ်းကွဲပြားနေခြင်း၊ ဒေသဖွံ့ဖြိုးရေးတွင် ပါဝင်ကူညီဆောင်ရွက်မှုမရှိခြင်း၊ ခေါင်းဆောင်များအာဏာရရှိရေးကိုသာ အဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားစွာဖြင့် ပါတီနိုင်ငံရေးကို လုပ်ဆောင်နေခြင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ အရည်အချင်းနည်းပါးကြခြင်း၊ နိုင်ငံရေးအချောင်လိုက်နေခြင်းတို့ကြောင့် (NLD) ပါတီအပေါ် စိတ်ကုန်ခန်း၊ စိတ်ပျက်လာပြီး ပါတီနိုင်ငံရေးကို ဆက်လက်လုပ်ကိုင်လိုခြင်းမရှိတော့ကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း **သတင်းဆောင်းပါးအညွှန်း**

အချိန်မရွေး ရေရရှိနိုင်တဲ့အတွက် သီးနှံအထွက်တိုး၊ မိုးရေကို မမျှော်ရတော့တဲ့အတွက် အထူးပဲဝမ်းသာ။

ကျော်စိန်၏ သတင်းဆောင်းပါး (စာ-၉)